ဒို့တာဝန်အရေးသုံးပါး
♦ ပြည်ထောင်စုမပြိုကွဲရေး။
♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail: mwdpress@hotmail.co.uk

# မြဝတီ နေ့စဉ်

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စိတ်သည်အရာရာကိုဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည်အရာရာကို ပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူ ပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသော အရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။

ဓမ္မပဒ

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချီ မြဝတီ

the Myawady Daily

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက် | ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၁၄ ရက်၊ သောကြာနေ့ | အတွဲ(၇)၊ အမှတ်(၈၇)


# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မူလတောင်သူများထံသို့ ယာယီလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၃)ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မူလတောင်သူများထံသို့ ယာယီလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၃) ပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

နေပြည်တော် ဇူလိုင် ၁၃

လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်ခန်းမ၌ကျင်းပသည့် စိုက်ပျိုးရေး မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ ပြန်လည်စွန့်လွှတ်သည့်မြေများအား မူလတောင်သူများထံသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၃)ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက ၂၀၁၇ ခုနှစ် မတ်လအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ပဒီကြီးကျေးရွာအုပ်စုအတွင်း စွန့်လွှတ်မြေဧရိယာ ၃၇၉၂ ဒသမ ၄၆ ဧကကို တောင်သူ ၂၂၈ ဦးထံ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း။

ယနေ့အခမ်းအနားတွင် ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးသန့်ခြံအဖြစ် အသုံးပြုခဲ့သည့် ဧရိယာ ၃၇၂၆ ဧကအနက် ၂၅၂၆ ဧကကို နိုင်ငံတော်သို့ ပြန်လည်အပ်နှံခဲ့ပြီး ယင်းအပ်နှံမြေဧရိယာထဲမှ ၇၃၈ ဒသမ ၉၉ ဧကကို မူလတောင်သူ ၂၃၉ ဦးထံ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထပ်မံပေးအပ်နိုင်ခဲ့သည့်အတွက် အလွန်ဝမ်းမြောက်ဖွယ်ကောင်းသည့်နေ့ဖြစ်ပြီး ပြန်လည်စွန့်လွှတ်ပေးခဲ့သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် ပြန်လည်လွှဲပြောင်းပေးနိုင်ရေးကြိုးပမ်းဆောင်ရွက်ပေးသည့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ကော်မတီအဆင့်ဆင့်ကို အသိအမှတ်ပြုဂုဏ်ပြုရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၄ ကော်လံ ၄ ♦

# မြန်မာနိုင်ငံနှင့် ဆေးရှဲလ်နိုင်ငံတို့ သံတမန် အဆက်အသွယ်ထူထောင်

နေပြည်တော် ဇူလိုင် ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဆေးရှဲလ်သမ္မတနိုင်ငံတို့သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါမူကြီးများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့ကိုအခြေခံပြီး သံတမန်ဆက်ဆံရေးနှင့် ကောင်စစ်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းများနှင့်အညီ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးတက်ခိုင်မာစေရန် ဆန္ဒရှိကြသည့်အားလျော်စွာ ၂၀၁၇ ခုနှစ် ဇူလိုင် ၁၂ ရက်မှစတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ်ထူထောင်ကြသည်။

စာမျက်နှာ ၂ ကော်လံ ၀ ➤

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးများကျင်းပ

စာ - ၁၄ သို့

| မြို့ | အနိမ့်ဆုံးအပူချိန် / | အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၆° C / | ၃၂° C |
| ရန်ကုန် | ၂၆° C / | ၃၀° C |
| မန္တလေး | ၂၆° C / | ၃၂° C |

## နှစ်(၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် စာအုပ်ပေါင်း ၇၀၀၀၀ ခင်းကျင်းရောင်းချပွဲ ကျင်းပမည်

စာ - ၃ သို့

ဆောင်းပါး

## ရွာနားကမြက် ရွာသားစားပါသည်

အန်ကယ်ပညာ

စာ - ၁၃ သို့

လျှပ်စစ်မီးကိုချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့




www.facebook.com/themyawadydaily



# လှိုင်သာယာပြည်သူ့ဆေးရုံ၌ တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့မှ ဆေးကုသရေးအဖွဲ့ အခမဲ့ဆေးကုသမှုပေးနေ

ရန်ကုန် ဇူလိုင် ၁၃

တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့မှ Busan Foundation for International Cooperation ဆေးကုသရေးအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာပြည်သူ့ဆေးရုံတွင်အခြေပြု၍ ဒေသခံပြည်သူများကို အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံရှိ ရန်ကုန်မြို့နှင့် တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့တို့သည် ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် နှစ်နိုင်ငံညီအစ်မမြို့တော်အဖြစ် ချစ်ကြည်ရေးလက်မှတ်ရေးထိုးခဲ့ပြီး ချစ်ကြည်ရေးပူးပေါင်းဖလှယ်မှုအရ Busan Foundation for International Cooperation ဆေးကုသရေးအဖွဲ့သည် လှိုင်သာယာမြို့နယ်ရှိ ပြည်သူများကို ကျန်းမာရေးအခမဲ့လာရောက်စောင့်ရှောက်ပေးခြင်းဖြစ်ကြောင်း သိရသည်။



အဆိုပါ ဆေးကုသရေးအဖွဲ့၏ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးနေခြင်းကို ယမန်နေ့ နေ့လယ်ပိုင်းက ရန်ကုန်မြို့တော်ဝန် ဒေါက်တာမောင်မောင်စိုးနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးကျန်းမာရေးဦးစီးမှူး၊ လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီးတို့နှင့်အတူ သွားရောက်ကြည့်ရှုခဲ့သည်။

ယင်းဆေးကုသရေးအဖွဲ့တွင် သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများနှင့် ဆေးဝန်ထမ်းများ စုစုပေါင်း ၂၄ ဦးပါရှိပြီး မျက်စိရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါနှင့် သွားရောဂါ စသည့်ရောဂါဝေဒနာများကို ကုသဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝင်းရုံ

# ရန်ကုန်မြို့၌ Myanmar Employer Awards ဆုပေးပွဲ ကျင်းပရန်စီစဉ်

ရန်ကုန် ဇူလိုင် ၁၃

မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် Myanmar Employer Awards ဆုပေးပွဲအခမ်းအနားကို နိုဝင်ဘာ ၂၄ ရက်တွင် ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပရန် စီစဉ်လျက်ရှိကြောင်း Job.com.mm မှ သိရသည်။

အဆိုပါဆုပေးပွဲတွင် နိုင်ငံတစ်ဝန်းရှိ လုပ်ငန်းရှင်များကို Organizational Development Talent Recruitment Compensation & Benefits တို့အပြင် Workplace Culture နှင့် Design ပိုင်းများတွင် ထူးခြားပြောင်းမြောက်စွာ စွမ်းဆောင်အောင်မြင်မှုများ၊ HR ကဏ္ဍလုပ်ဆောင်ချက်များကို အကောင်းမွန်ဆုံးဖြစ်လာစေရန် ပြုပြင်ပြောင်းလဲခြင်းနှင့် လုပ်ဆောင်ခြင်းတို့ပေါ်တွင် အသိအမှတ်ပြုချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

"Myanmar Employer Awards ပွဲက နိုင်ငံအတွင်းရှိ ပြည်တွင်းပြည်ပလုပ်ငန်းရှင်တွေ အစိုးရပိုင်းက တာဝန်ရှိသူတွေနဲ့ Community တစ်ခုလုံးကြားမှာ မြန်မာနိုင်ငံ တိုးတက်မှုအရှိန်အဟုန်နဲ့ စီးပွားရေးအကျိုးအမြတ်ရရှိမှုတွေ ပိုမိုကောင်းမွန်ဖို့ Talent Management ရဲ့ အရေးပါမှုကိုသိရှိလာစေမှာဖြစ်ပါတယ်"ဟု Job.com.mm မှ မန်နေးဂျင်းဒါရိုက်တာ Mr.Matt DeLuca ကပြောသည်။

ယင်းဆုပေးပွဲတွင် ချီးမြှင့်မည့် ဆုအမျိုးအစားများမှာ An Overall Best of the Best၊ People' Choice Award၊ Best Learning & Development၊ Excellence in Workplace Environment၊ Best Use of Internal Marketing for Company Pride၊ Best Career Advancement Program နှင့် Best Use of Rewards & Recognition စသည့်ဆုများဖြစ်သည်။

ထို့ပြင် အကဲဖြတ်ဒိုင်လူကြီးအဖွဲ့များအဖြစ် ပြည်တွင်းပြည်ပမှ ကျွမ်းကျင်ပညာရှင်ကိုးဦး၊ စီးပွားရေးပညာရှင်ပါရော်ဖက်ဆာ ဒေါက်တာအောင်ထွန်းသက်တို့က ဆုံးဖြတ်ပေးမည်ဖြစ်ပြီး Deloitte Myanmar မှ Verifying Partner အဖြစ် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆုလာဘ်

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောက်လုပ်ပြီးစီးခဲ့သည့် တန်ဖိုးနည်းအိမ်ရာ ၁၀၀၀ ကျော်ကို ယခုလအတွင်း ရောင်းချမည်

ရန်ကုန် ဇူလိုင် ၁၃

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောက်လုပ်ပြီးစီးခဲ့သည့် တန်ဖိုးနည်းအိမ်ရာ ၁၀၀၀ ကျော်ကို ယခုလအတွင်း ရောင်းချမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှိုင်သာယာ၊ ရွှေပြည်သာ၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်တို့အတွင်း တည်ဆောက်ထားသော တန်ဖိုးနည်းအိမ်ရာများကို ရောင်းချရာတွင် ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်၌ ငွေစုဆောင်းထားသူများကိုသာ ဦးစားပေးရောင်းချမည်ဖြစ်သည်။

"ဆောက်လုပ်ရေးဝန်ကြီးဌာနက တန်ဖိုးနည်းတိုက်ခန်း ၁၀၀၀ ကို လာမယ့်တစ်ပတ်အတွင်း ရောင်းချပေးသွားမှာပါ။ ရောင်းချမယ့်အိမ်ရာတွေထဲမှာ ရွှေလင်ပန်းအိမ်ရာ၊ ကနောင်အိမ်ရာနဲ့ ယုဇနအိမ်ရာက အခန်းတွေပါဝင်ပါတယ်"ဟု မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရန်ကုန်မြို့၌ တည်ဆောက်ဆဲတန်ဖိုးနည်း အခန်း ၈၇၁၂ ခန်းကို ယခုနှစ်အတွင်း အပြီးတည်ဆောက်မည်ဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း တန်ဖိုးနည်းအိမ်ရာ အခန်း ၂၂၀၈ ခန်း၊ အဆင့်မြင့်အိမ်ရာ အခန်း ၁၃၈၀ ခန်း ရောင်းချပေးနိုင်ခဲ့ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

(၄၄၇)

# နှစ်(၇၀)ပြည့် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် စာအုပ်ပေါင်း ၇၀၀၀၀ ခင်းကျင်းရောင်းချပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၃

နှစ်(၇၀)ပြည့် အာဇာနည်နေ့တွင် ထူးထူးခြားခြား စာအုပ်ခင်းကျင်းရောင်းချပွဲကို ဇူလိုင် ၁၉ ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့ သံဈေးရှိ Yangon Book Plaza ၌ကျင်းပမည်ဖြစ်ကြောင်း Yangon Book Plaza တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

အဆိုပါ စာအုပ်ခင်းကျင်းရောင်းချပွဲတော်တွင် အုပ်ရေ ၇၀၀၀၀ ကို ငွေကျပ် ၂၀၀ မှ ၅၀၀ အထိ ဈေးနှုန်းသတ်မှတ်ရောင်းချပေးမည်ဖြစ်သည်။

"စာအုပ်ပွဲတော်မှာ ဝတ္ထု၊ ကဗျာ၊ ပုံပြင်၊ ဘာသာပြန်၊ ရုပ်ပြ၊ ကာတွန်းစတဲ့အမျိုးအစားစုံလင်တဲ့စာအုပ်တွေကို ခင်းကျင်းပြသမှာပါ။ ကိုယ်တိုင်ဖတ်ရှုလိုသူတွေ၊ မိသားစုအတွက် ဝယ်ယူလိုသူတွေနဲ့ စာကြည့်တိုက်တွေမှာ လှူဒါန်းဖို့အတွက် အသက်သာဆုံးဈေးနှုန်းတွေနဲ့ ရောင်းချပေးမှာပါ။ ဒီလိုပွဲကျင်းပပြီး ဈေးနှုန်းသက်သာစွာနဲ့ လျှော့ချရောင်းချတာကလည်း ပြည်သူတွေစာဖတ်ရှိန်ပြန်လည်မြင့်မားစေဖို့ ရည်ရွယ်တာပါ"ဟု Yangon Book Plaza မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

စာအုပ်ဈေးပွဲတော်တွင် သတ်မှတ်ရောင်းချသည့် ငွေကျပ် ၂၀၀ မှ ၅၀၀ အတွင်းရှိ စာအုပ်များမှာ လတ်တလောတွင် ထွက်ရှိသည့် စာအုပ်သစ်များပါဝင်မည်မဟုတ်ဘဲ စာအုပ်အသစ်များကိုမူ အထူးလျှော့ဈေးဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

သီရိ

# နိုင်ငံတကာအဆင့်မီ ငါးပြတိုက်တွင် ငါးလုပ်ငန်းဆိုင်ရာ သက်မွေးသင်တန်းခန်းမများ ထည့်သွင်း

ရန်ကုန် ဇူလိုင် ၁၃

လက်ရှိ တည်ဆောက်နေသည့် နိုင်ငံတကာအဆင့်မီ ငါးပြတိုက် (Myanmar Aquarium)တွင် ငါးလုပ်ငန်းဆိုင်ရာ သင်တန်းခန်းမများ ထည့်သွင်းဆောက်လုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ယင်းကဲ့သို့ သင်တန်းခန်းမများ ထည့်သွင်းတည်ဆောက်ရခြင်းမှာ ရေလုပ်ငန်းနှင့်ပတ်သက်၍ သေချာစွာသင်ကြားပေးသည့်နေရာမျိုးမရှိသလို တိုးတက်ရန်လွယ်ကူသည့် လုပ်ငန်းများဖွံ့ဖြိုးမှုနှေးကွေးနေသောကြောင့် ထည့်သွင်းတည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ငါးပြတိုက်တည်ဆောက်မှုမှာ ၇၅ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီး ၂၀၁၈ ခုနှစ် နှစ်လယ်ပိုင်းတွင် ဖွင့်လှစ်နိုင်ရန် ခန့်မှန်းထားပြီး အသက်မွေးသင်တန်းကျောင်းများထည့်သွင်းနိုင်ရန် ကုမ္ပဏီနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်သည်။

နိုင်ငံတကာအဆင့်မီ ငါးပြတိုက်ကို အရှေ့တောင်အာရှအဆင့်မီသည့် ငါးပြတိုက်အဖြစ် အမေရိကန်ဒေါ်လာ သန်း ၃၀ ကျော် အကုန်အကျခံတည်ဆောက်နေပြီး ရေချို၊ ရေငန်အမျိုးအစားနှစ်မျိုး ပါဝင်ပြသမည်ဖြစ်သည်။



ရန်ကုန်မြို့၌ တည်ဆောက်နေသည့် နိုင်ငံတကာအဆင့်မီ ငါးပြတိုက်ပုံစံငယ်ကို တွေ့ရစဉ်။

ယင်းငါးပြတိုက်ကို ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းမှစတင်ကာ တင်ဒါအောင်မြင်ခဲ့သည့် Myanmar Aquarium Company မှ BOT စနစ်ဖြင့် ငှားရမ်းတည်ဆောက်နေခြင်းဖြစ်ကာ ငါးပြတိုက်မှာ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ ပညာရေးဇုန်နယ်မြေအနီး၌ တည်ရှိကြောင်း သိရသည်။

HO

www.facebook.com/themyawadydaily



## စုပေါင်းလုပ်ကြမှသာ

ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ကချင်၊ ချင်းတို့ကတခြား၊ အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။

(၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက် ပင်လုံမြို့ စော်ဘွားများထမင်းစားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# အာဇာနည်ရဲဘော်ကိုထွေး၏တူ ဦးအောင်ကိုကိုပြောပြသည့် ရဲဘော်ကိုထွေးအကြောင်း



အသက်အားဖြင့် ငယ်ရွယ်သော်လည်း တိုင်းပြည်နှင့် လူမျိုးအတွက် အသက်ကိုပဓာနမထားဘဲ နိုင်ငံ့ခေါင်းဆောင်ကြီးများကို လုပ်ကြံသောသူများအား တားဆီးကာကွယ်ခဲ့သည့် ရဲဘော်ကိုထွေး ကျဆုံးခဲ့သည်မှာ ယခုဆိုလျှင် နှစ်ပေါင်း ၇၀ တိုင်ခဲ့ပြီဖြစ်သည်။ အာဇာနည်ရဲဘော်ကိုထွေး၏ စိတ်နေစိတ်ထားနှင့် တိုင်းပြည်အပေါ်ထားရှိသည့်စေတနာများကိုသိရှိနိုင်ရန် ရဲဘော်ကိုထွေး၏ တူအရင်းဖြစ်သော ဦးအောင်ကိုကိုထံသို့ သွားရောက်တွေ့ဆုံဖြစ်ခဲ့သည်။

"ကျွန်တော်က ဒုတိယဗိုလ်မှူးကြီး အငြိမ်းစား အောင်ကိုကိုဖြစ်ပါတယ်။ တပ်မတော်(ရေ)မှာ တာဝန်ထမ်းဆောင်ခဲ့တာပါ။ ရဲဘော်ကိုထွေးမှာ အစ်ကိုသုံးယောက်နဲ့ အစ်မနှစ်ယောက်ရှိပါတယ်။ သူကတော့ အထွေးဆုံးပါ။ ရဲဘော်ကိုထွေးငယ်ငယ်ကတည်းက စကားပြောရင် သူ့ကိုယ်သူ ကိုကိုဆိုပြီးပြောတဲ့အတွက် တစ်သက်လုံးအိမ်မှာ သူ့နာမည်ကိုခေါ်ခဲ့ကြတာ ကိုကိုပါ။ ရဲဘော်ကိုထွေးက ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်မှာကျဆုံးခဲ့တယ်။ ကျွန်တော်ကတော့ သူမကျဆုံးခင်ခြောက်ရက်အလို ဇူလိုင် ၁၃ ရက်မှာ မွေးပါတယ်။ ရဲဘော်ကိုထွေးဆုံးသွားတော့ ကျွန်တော့်အဘိုးက သူ့သားဆုံးသွားတဲ့အတွက် ကျွန်တော်က သူ့ကိုယ်စားရောက်လာတာဆိုပြီးတော့ အောင်ကိုကိုလို့ခေါ်တယ်။ အောင်ဆိုတာကတော့ တနင်္ဂနွေသားဖြစ်တဲ့အတွက်ပေးတာပါ။ ကိုကိုဆိုတာကတော့ ရဲဘော်ကိုထွေးရဲ့အိမ်မှာခေါ်တဲ့နာမည်နဲ့ပေါင်းပြီး အောင်ကိုကိုဆိုပြီးပေးခဲ့တာပါ။

ရဲဘော်ကိုထွေးကို လယ်ယာစိုက်ပျိုးရေး ဝန်ထောက် ဦးကိုကိုလေးနဲ့ ဒေါ်မင်းရီတို့က မွေးဖွားခဲ့ပြီး မန္တလေးမြို့ တောင်ပြင် သိပ္ပံရပ်မှာနေတာပါ။ ငယ်ငယ်လေးကတည်းက သတ္တိရှိတယ်။သနားတတ်တယ်။ ဆက်ဆံရေးကောင်းတယ်။ မွေးမြူရေးဝါသနာပါတယ်။ မဟုတ်မခံတဲ့စိတ်ဓာတ်ရှိတယ်။ အဖေကလည်းသန်မာတယ်။ မန္တလေးနဲ့ ရန်ကုန်ကို စက်ဘီးနဲ့ခရီးသွားတယ်။ အမေကကျောင်းဆရာမဖြစ်တဲ့အတွက် ယဉ်ကျေးတယ်။ စကားပြောလည်းကောင်းတယ်။ မိဘနှစ်ပါးလုံးရဲ့ စိတ်နေစိတ်ထားနဲ့သွေးက ရဲဘော်ကိုထွေးမှာအပြည့်ရှိတယ်။ အစ်ကိုသုံးယောက်က လက်ဝှေ့အပျော်တမ်းထိုးတယ်။ သူကတော့ ရေကူးတာဝါသနာပါတယ်။ ၁၉၄၅ ခုနှစ် စစ်ပြေးခေတ်မှာ မင်းကွန်းဘက်ကို စစ်ပြေးခဲ့ရတယ်။ မင်းကွန်းမှာ ဧရာဝတီမြစ်နဲ့နီးတဲ့အတွက် ရေပိုပြီးတော့ ကူးဖြစ်တယ်။ ဘယ်လောက်အထိ ကူးနိုင်လဲဆိုရင် ဧရာဝတီမြစ်ကိုတောင် ဖြတ်ကူးနိုင်ခဲ့တယ်။ စစ်ပြေးတဲ့အချိန်မှာတောင် သူကဘဲလေးတွေမွေးတယ်။ ဂျပန်က လေယာဉ်နဲ့ ဗုံးလာကြဲရင် သူများတွေလို ဝင်မပုန်းဘူး။ သူမွေးထားတဲ့ ဘဲလေးတွေကို သေချာသိမ်းတယ်။ ပြီးရင် ဗုံးလာကြဲတဲ့လေယာဉ်တွေကို မန်ကျည်းပင်ပေါ်တက်ပြီး လိုက်ကြည့်တတ်တယ်။ နောက်ပိုင်းမှာ အင်္ဂလိပ်တွေပြန်ဝင်လာတော့ သူတို့မိသားစုတွေက မန္တလေးမှာပြန်နေကြတယ်။ ရဲဘော်ကိုထွေးက ဘယ်လောက်အထိ မျိုးချစ်စိတ်ရှိလဲဆိုရင် အင်္ဂလိပ်တွေကိုမြင်တိုင်း ကျွန်ပြုခဲ့တယ်ဆိုပြီး ခဲနဲ့ထုဖို့လုပ်ခဲ့တဲ့အတွက် ဆရာကြီးဦးရာဇတ်ဆီကို သူ့မိဘတွေက အပ်ခဲ့ရတယ်။ ကလေးရဲ့မျိုးချစ်စိတ်က မှက်ကန်းမျိုးချစ်တဲ့စိတ်ဝင်သွားမှာစိုးလို့ ဆရာကြီးသွန်သင်ပေးပါဆိုပြီး အပ်ခဲ့တာပါ။ ရဲဘော်ကိုထွေးက ဆရာကြီးဦးရာဇတ်ကျောင်းမှာဖွင့်တဲ့ မန္တလေးမြို့ အပျော်တမ်းရဲတပ်ဖွဲ့သင်တန်းတက်တယ်။ ပြည်သူ့ရဲဘော်တပ်ဖွဲ့ထဲကိုဝင်ခဲ့တယ်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလမှာ ဆရာကြီးဦးရာဇတ်ကို ပညာရေးနှင့် စီမံကိန်းဝန်ကြီးခန့်လိုက်တော့ ရဲဘော်ကိုထွေးကို သက်တော်စောင့်လုပ်ဖို့ ဆရာကြီးကပြောခဲ့တယ်။ သူ့ရဲ့မိဘတွေကိုလည်း ဆရာကြီးကခွင့်တောင်းခဲ့တယ်။ ကိုထွေးရဲ့အဖေက ဘာပြောလိုက်လဲဆိုရင် ဆရာကြီးသေသေရှင်ရှင် ဆရာကြီးနဲ့အတူ ထည့်ပေးလိုက်ပါမယ်လို့ပြောခဲ့တယ်။ သက်တော်စောင့်တာဝန်ထမ်းဆောင်တဲ့အချိန်မှာလည်း ပြည်သူ့ရဲဘော်ဝတ်စုံကိုပဲဝတ်တယ်။ တကယ်တော့သူက ရဲအုပ်အဆင့်နဲ့ သက်တော်စောင့်တာဝန်ထမ်းဆောင်ရတာပါ။ ရဲဝတ်စုံမထုတ်ရသေးပါဘူး။ ကွယ်လွန်တဲ့အချိန်ထိ ပြည်သူ့ရဲဘော်ဝတ်စုံကိုပဲဝတ်ထားတဲ့အတွက် ပြည်သူတွေက ရဲဘော်ကိုထွေးလို့ပဲသိကြတယ်။

သူကျဆုံးတဲ့အကြောင်းပြောရရင် ကျဆုံးသွားတဲ့ အာဇာနည်ကိုးဦးထဲမှာ သူကထူးခြားတယ်လို့ ပြောလို့ရတယ်။ အာဇာနည်ကိုးဦးကတော့ အစည်းအဝေးခန်းထဲမှာ ပစ်ကြခတ်ကြပြီး သေသွားတယ်။ ရဲဘော်ကိုထွေးကတော့ ရှောင်လို့ရတယ်။ သူက သီးခြားအခန်းထဲမှာရှိတယ်။ လူသတ်သမားလေးယောက်ထွက်လာတဲ့အချိန်မှာ သတင်းထောက်မောင်သန်းကို တွေ့သွားတယ်။ ဟိတ်မပြေးနဲ့လို့လူသတ်သမားတွေက အော်လိုက်တဲ့အချိန်မှာ မောင်သန်းက ဝပ်ချလိုက်တဲ့အတွက် မောင်သန်းကို မသတ်သွားဘူး။ လူသတ်သမားတွေက ကိုထွေးအခန်းကို ကျော်သွားတဲ့အချိန်မှာ ကိုထွေးက သူ့လက်ထဲမှာရှိတဲ့ ခြောက်လုံးပြူးသေနတ်နဲ့ လူသတ်သမားတွေကို တားဆီးဖို့ကြိုးစားတယ်။ ကိုထွေးက တံခါးကိုဖွင့်ပြီး လူသတ်သမားကိုပစ်ဖို့လုပ်တဲ့အချိန်မှာ လူသတ်သမားလေးယောက်ထဲက ရန်ကြီးအောင်က ကိုထွေးကို တွေ့သွားပြီး လှမ်းပစ်လိုက်လို့ ကိုထွေးကိုထိသွားတယ်။ ဒါတွေအားလုံးကို သတင်းထောက်မောင်သန်း ပြောပြလို့သိခဲ့ရတယ်။ တခြားလူတွေလာတဲ့အထိ ကိုထွေးက သတိမလစ်သေးဘူး။ ဦးစောရဲ့တပည့် ရန်ကြီးအောင်တို့အဖွဲ့ဆိုတာကိုလည်း ပြောပြနိုင်ခဲ့တယ်။ ဆေးရုံရောက်တဲ့အထိ ကိုထွေးက အသက်ရှင်နေသေးတယ်။



ဆရာကြီးဦးရာဇတ်အကြောင်းကိုမေးတယ်။ နောက်ပြီး ၃၁ လမ်းမှာနေတဲ့ အစ်မနှစ်ယောက်ထဲက ဒေါ်ကြည်ကြည်ရဲ့အမျိုးသား ဦးစောတင်သွားကြည့်တော့ မသေခင်ပြုံးပြပြီး သိကြောင်းပြတယ်။ သူ့အနေနဲ့ လုပ်နိုင်သလောက်လုပ်ခဲ့တာကို ကျေနပ်တဲ့သဘောပါ။ သူ့ဆရာဦးရာဇတ်အပေါ် သစ္စာရှိကြောင်းနှင့် ဗိုလ်ချုပ်ကို လေးစားလို့လုပ်ဆောင်ခဲ့ကြောင်း တွေ့ရတယ်။ ကိုထွေးက သက်တော်စောင့်လုပ်တာ လပိုင်းလေးပဲရှိသေးတယ်။ ကျန်တဲ့အာဇာနည်ခေါင်းဆောင်တွေက အသက်လည်းကြီးပြီ။ တိုင်းပြည်တာဝန်ကို ထမ်းဆောင်ရာမှာ အတွေ့အကြုံလည်းရှိနေကြပြီ။ ကိုထွေးကတော့ အသက်ကလည်း ၁၈ နှစ်ပဲရှိသေးတော့ အတွေ့အကြုံကလည်းမရှိသေးဘူး။ သေမယ်မှန်းသိပေမယ့် လူငယ်တစ်ယောက်အနေနဲ့ အသက်စွန့်လုပ်ခဲ့တယ်။

အာဇာနည်ဆိုတာကတော့ မိမိလုပ်သင့်လုပ်ထိုက်တယ်၊ မှန်ကန်တယ်ဆိုတဲ့အရာကို မကြောက်မရွံ့ဘဲ ကိုယ့်အသက်ကိုရန်ရှာမယ်ဆိုလည်း အများပြည်သူအတွက် ရဲရဲဝံ့ဝံ့ယုံကြည်စွာနဲ့ လုပ်ဆောင်တာမျိုးလို့ပဲ ပြောချင်တယ်။ အဲဒီလိုပဲ အာဇာနည်ခေါင်းဆောင်တွေလည်း အများပြည်သူအတွက် လုပ်ဆောင်ခဲ့ကြတယ်။ ဒါတွေဟာ အာဇာနည်စိတ်ဓာတ်တွေပဲ။

ကိုထွေးကျဆုံးသွားတော့ နိုင်ငံတော်က ကိုထွေးအတွက် ထောက်ပံ့ကြေး ငွေကျပ် ငါးထောင်ပေးတယ်။ လစဉ်တစ်လကို ငွေကျပ် သုံးရာထောက်ပံ့တယ်။ ဘိုကလေးဈေးမှာ ဆိုင်ခန်းတစ်ခန်းပေးတယ်။ သူ့ရဲ့မိဘတွေက မန္တလေးမှာနေရာကနေ သူ့သားသေသွားတဲ့အတွက် ရန်ကုန်မှာနေမယ်ဆိုပြီးတော့ ထောက်ပံ့ကြေး ငွေကျပ် ငါးထောင်ကိုသာယူခဲ့တယ်။ ကျန်တဲ့ထောက်ပံ့မှုတွေကို နိုင်ငံတော်တည်ဆောက်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတွေမှာ အသုံးပြုဖို့ ပြန်လည်လှူဒါန်းခဲ့ပါတယ်။ ထောက်ပံ့ကြေးရတဲ့ ငွေကျပ် ငါးထောင်နဲ့ သူ့ရဲ့မိဘတွေက အလုံ စက်တွင်းလမ်း အမှတ်(၇၀)အကွက်မှာ ပေ ၂၀ × ပေ ၄၀ ခြံကွက်လေးဝယ်တယ်။ ပျဉ်ထောင်၊ သွပ်မိုးနှစ်ထပ်အိမ်လေးနဲ့ ဘဝနေဝင်တဲ့အချိန်ထိ နေထိုင်ခဲ့ကြပါတယ်။

ကျွန်တော်ငယ်စဉ်ကတော့ ဇူလိုင် ၁၉ ရက် ရောက်ပြီဆိုရင် ညီအစ်ကိုတွေ နှစ်ယောက်တစ်တွဲ ပန်းခွေကိုထမ်းပြီး အာဇာနည်ဗိမာန်ကို ချီတက်ခဲ့ကြတယ်။ ၁၉၆၂ ခုနှစ်လောက်ကတော့ အာဇာနည်နေ့အခမ်းအနားကို ဗိုလ်ချုပ်ကြီးနေဝင်း၊ ဗိုလ်ချုပ်ကြီးစန်းယုတို့ တက်ရောက်ခဲ့ကြတယ်။ အာဇာနည်ဗိမာန်ရဲ့ အောက်နားလေးမှာ ယာယီတဲလေး ထိုးပေးထားတယ်။ နှစ်စဉ်နှစ်တိုင်းတော့ မပျက်မကွက် သွားရောက်ဂါရဝပြုဖြစ်ပါတယ်။

နောက်တစ်ခုကတော့ အာဇာနည်ခေါင်းဆောင်ကြီးတွေဆိုတာ လေးစားရတဲ့ပုဂ္ဂိုလ်တွေပါ။ ဗိုလ်ချုပ်ဆိုတာကလည်းလေးစားရတဲ့ပုဂ္ဂိုလ်ပါ။ အခုကျတော့ ဗိုလ်ချုပ်ရုပ်တုတွေလုပ်ပြီး ပန်းခြံတွေမှာထားကြတယ်။ တချို့ရုပ်တုတွေက ဗိုလ်ချုပ်နဲ့မတူဘဲ ပုံစံမကျတာတွေကို တွေ့ရတယ်။ ဒါတွေက မဖြစ်သင့်ပါဘူး။ အမြင်လည်း မသင့်ပါဘူး။ အာဇာနည်တွေရဲ့အကြောင်းကို လူငယ်တွေသိရှိလာစေဖို့နဲ့ အာဇာနည်ပုဂ္ဂိုလ်တွေရဲ့စိတ်နေစိတ်ထားတွေကို လူငယ်တွေမျက်ဝါးထင်ထင် သိစေဖို့ ဟောပြောပွဲတွေ၊ စာစောင်တွေပိုမိုထုတ်ဝေစေချင်ပါတယ်။ အရင်ကဆိုရင် အာဇာနည်နေ့မှာ မြို့တော်ခန်းမမှာ အာဇာနည်ပုဂ္ဂိုလ်ကြီးတွေအတွက် ရည်စူးပြီး ဆွမ်းကပ်တယ်။ အခုနောက်ပိုင်း သိပ်မရှိတော့ဘူး"ဟု ဦးအောင်ကိုကိုကပြောသည်။

အသက်ငယ်ရွယ်သော်လည်း သက်တော်စောင့်တာဝန်ကိုအသက်ပေး၍ ကျေပွန်စွာထမ်းဆောင်ခဲ့သည့် အာဇာနည်ရဲဘော်ကိုထွေးသည် သေဆုံးချိန်၌ အသက် ၁၈ နှစ်ကျော်သာရှိသေးပြီး ယနေ့ခေတ် လူငယ်၊ လူရွယ်တို့၏ လေးစားအတုယူဖွယ် အာဇာနည်ပုဂ္ဂိုလ်တစ်ဦးပင်ဖြစ်ပါကြောင်း ရေးသားဂုဏ်ပြုလိုက်ရပါသည်။ ။

**စံမင်းသူ၊ လင်းခန့်**

www.facebook.com/themyawadydaily

14.7.2017(P-5)SSK.indd 1 7/13/2017 10:57:37 PM

www.facebook.com/themyawadydaily



# မှတ်စု ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် ပြင်ဦးလွင်မြို့မှ ရထားလုံးမြင်းလှည်းများ

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့၏ အရှေ့ဘက်၌ တောင်လေ့ကားမြို့ သို့မဟုတ် ပန်းမြို့တော်ဟုအမည်ရသည့် ပြင်ဦးလွင်မြို့ ရှိသည်။ ပြင်ဦးလွင်မြို့သည် မန္တလေးမြို့နှင့် ၄၂ မိုင်ကွာဝေးပြီး ပင်လယ်ပြင်အထက်ပေပေါင်း ၃၅၃၉ ပေတွင်တည်ရှိသည့် တောင်စခန်းမြို့တစ်မြို့ဖြစ်သည်။ ထိုမြို့တွင် ဗြိတိသျှတို့အုပ်ချုပ်စဉ် ၎င်းတို့နိုင်ငံရှိ မြင်းရထားများပုံစံအတိုင်း ပြင်ဦးလွင်တွင် ရထားလုံးမြင်းလှည်းများ ထားရှိပြေးဆွဲစေခဲ့သည်။

မြန်မာနိုင်ငံတွင် ချစ်မြတ်နိုးဖွယ်ကောင်းသော ရထားလုံးမြင်းလှည်းများကို ပြင်ဦးလွင်မြို့မှတစ်ပါး အခြားမြို့များတွင် မတွေ့ရှိရဟုဆိုကြသည်။

ထိုသို့လှပပြီး ချစ်မြတ်နိုးဖွယ်ကောင်းသည့် ရထားလုံးမြင်းလှည်းလေးများသည် ယခင်က ရထားလုံးစီးရေ ၃၀၀ ကျော်ခန့်ရှိပြီး ယခုအခါ အစီးရေ ၄၀ ကျော်ခန့်သာရှိတော့သည်။ ထို့ပြင် ရထားလုံးအစီးရေနည်းပါး



သွားရခြင်းမှာလည်း ဆိုင်ကယ်ကယ်ရီပြေးဆွဲသူများ များပြားလာခြင်းကြောင့်လည်းကောင်း၊ ခရီးသည်အများစုကလည်း လိုရာကို အမြန်ဆုံးရောက်ရှိနိုင်သည့် ဆိုင်ကယ်ကယ်ရီများကိုသာ ဦးစားပေးအသုံးပြုလာခြင်းကြောင့်လည်းကောင်း နည်းပါးသွားရခြင်းဖြစ်သည်။

"ကျွန်တော်တို့ ရထားလုံးမောင်းနှင်သူတွေမှာ ပုံမှန်ဝင်ငွေမရှိပါဘူး။ မြို့ခံတွေက စီးတာနည်းပါတယ်။ ပြင်ဦးလွင်ကို အလည်လာရောက်ကြတဲ့ ဧည့်သည်တွေ၊ ပြီးတော့ နိုင်ငံခြားသားဧည့်သည်တွေကသာ မြို့ရဲ့လှပမှုကို လှည့်လည်ကြည့်ချင်လို့ရယ်၊ ရှေးဟောင်းအဆောက်အအုံတွေကို ကြည့်ချင်ကြလို့ စီးကြတာပဲရှိပါတယ်။ သူတို့တစ်တွေနဲ့ဆုံမိရင် တစ်နေ့ကို ငွေကျပ် ၈၀၀၀ နဲ့ ၁၀၀၀၀ ကြားလောက်ရတယ်။ မြင်းစာဖိုးငွေကျပ် ၂၀၀၀ နုတ်ပြီးရင် ကျန်တာမိသားစုအတွက် ချွေတာသုံးစွဲရပါတယ်"ဟုရထားလုံးမြင်းလှည်းမောင်းနှင်သူ ကိုအောင်မိုးနိုင်က ပြောသည်။

အဆိုပါ ရထားလုံးမြင်းလှည်းတစ်စီး၏ တန်ဖိုးမှာ မြင်းတစ်ကောင် ငွေကျပ် ၁၀ သိန်းရှိပြီး မြင်းလှည်းအိမ်တစ်ခုလျှင် ငွေကျပ် ၁၅ သိန်းရှိကြောင်း သိရသည်။ ။

**မောင်ကို(သာစည်)**

## သဇင်(FM)အသံလွှင့်အစီအစဉ်

**၁၄-၇-၂၀၁၇(သောကြာနေ့)**

၁။ ၀၈း၀၀ နှလုံးသားဝယ် ဘုရားတည်
၂။ ၁၀း၄၀ Series Album
၃။ ၁၂း၁၅ Listener Choice
၄။ ၁၄း၃၀ ဟာသကမ္ဘာ
၅။ ၁၅း၃၀ ရင်ခုန်သံထပ်တူ
၆။ ၁၆း၃၀ ပြန်လည်ခံစားဇာတ်လမ်းများ
၇။ ၂၀း၃၀ ချစ်ခွန်းတေးသံ ချစ်သူထံ
၈။ ၂၁း၀၀ ဇာတ်လမ်းပမာ
၉။ ၂၂း၀၀ Magic Dream

## မြို့သစ်မြို့၌ စက်ချုပ်သင်တန်းဖွင့်လှစ်

မြို့သစ် ဇူလိုင် ၁၃

မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စက်ချုပ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို မြို့သစ်မြို့နယ် တလုပ်ပင်ကျေးရွာအုပ်စု ကံကြီးကျေးရွာ၌ ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် မကွေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မူယာဆွေက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းထွန်း၊ မြို့သစ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းဝင်းနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

သင်တန်းတွင် ကျေးရွာငါးရွာမှ သင်တန်းသူ ၃၂ ဦးတက်ရောက်လျက်ရှိပြီး သင်တန်းကာလ တစ်လကြာ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **ကေဇက်**

## မိုးကြိုချည်မျှင်ရှည်ဝါ တောင်သူပညာပေး ကွင်းသရုပ်ပြ

မျော်ဘွယ် ဇူလိုင် ၁၃

မန္တလေးတိုင်းဒေသကြီး မျော်ဘွယ်မြို့နယ် ချောင်းမကြီး ဝါသီးနှံမျိုးသန့်ခြံမှ မိုးကြိုချည်မျှင်ရှည်ဝါသုတေသနစိုက်ခင်းရှိ ရွှေတောင်(၈)၊ ငွေချည်(၉) ချည်မျှင်ရှည်ဝါမျိုးသန့်မျိုးပွားစိုက်ခင်းနှင့် ဆင့်ပွားမျိုးသန့်မျိုးပွားစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှု တောင်သူပညာပေးကွင်းသရုပ်ပြပွဲကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါမျိုးသန့်ခြံ၌ ကျင်းပသည်။

ကွင်းသရုပ်ပြပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းကိုကို၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းညွှန့်နှင့် ရွှေတောင်ဝါသုတေသနနှင့် မျိုးသန့်ခြံတာဝန်ခံ ဦးစိုးသိန်းတို့က ရွှေတောင်(၈)၊ ငွေချည်(၉)ဝါမျိုးများထုတ်လုပ်နိုင်မှုအခြေအနေများ၊ ရာသီဥတုနှင့်ကိုက်ညီပြီး တောင်သူဝင်ငွေတွက်ခြေကိုက်သည့် ဝါမျိုးသစ်များပေါ်ထွန်းလာရေးတို့အတွက် သုတေသနပြုခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ချောင်းမကြီးဝါသီးနှံမျိုးသန့်ခြံတာဝန်ခံ ဒေါ်ဖြိုးဖြိုးမိုးက မျိုးသန့်အဆင့်တိုးမြှင့်ထားသည့် ရွှေတောင်(၈)၊ ငွေချည်(၉) ချည်မျှင်ရှည်ဝါမျိုးသန့်မျိုးစေ့များကို တောင်သူများထံသို့ ဖြန့်ဖြူးပေးနိုင်ရေး အတွက်နှုန်း၊ အရည်အသွေးကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်သုံးစွဲနိုင်ရေးတို့ကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသည့်တောင်သူများက မျိုးသန့်ခြံအတွင်းစိုက်ပျိုးထားသည့် ဝါစိုက်ခင်းများကို ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များမေးမြန်းကြရာ ခြံတာဝန်ခံနှင့် ဝန်ထမ်းများက ပြန်လည်ဖြေကြားကာ ဝါသီးနှံသိပ္ပံနည်းကျစိုက်နည်းစနစ်များပါဝင်သည့် လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး(မျော်ဘွယ်)**

## ကျောက်ပန်းတောင်းမြို့နယ်၌ အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ဖွင့်လှစ်

ကျောက်ပန်းတောင်း ဇူလိုင် ၁၃

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် နတ်ကန်လည်ကျေးရွာအခြေခံပညာအထက်တန်းကျောင်းခွဲအဆင့်မှ အခြေခံပညာအထက်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါကျောင်းဝင်း၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေဦး၊ မြို့နယ်ပညာရေးမှူး ဒေါ်ညွန့်ညွန့်မြင့်၊ လမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်လွင်နှင့် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးခင်မောင်ချိုတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်ပညာရေးမှူးတို့က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသူများကို ဂုဏ်ပြုဆုများ ပေးအပ်သည်။

အလားတူ နံနက် ၁၁ နာရီတွင် ကျောက်ပုံမြောက်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်းခွဲအဆင့်မှ အခြေခံပညာအလယ်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပွဲကို အဆိုပါကျောင်း၌ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေဦး၊ မြို့နယ်ပညာရေးမှူး ဒေါ်ညွန့်ညွန့်မြင့်၊ လမ်းဦးစီးဌာနဦးစီးအရာရှိ ဦးမြင့်လွင်နှင့် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးခင်မောင်ချိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားသည်။

ထို့အတူ မွန်းလွဲ ၁ နာရီတွင် ဇီးဖြူကုန်းကျေးရွာအခြေခံပညာအလယ်တန်းကျောင်းခွဲအဆင့်မှ အလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနားကို အဆိုပါကျောင်းမှဦးရှေ့၌ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းကိုကို၊ မြို့နယ်ပညာရေးမှူး ဒေါ်ညွန့်ညွန့်မြင့်နှင့်ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တာဝန်ရှိသူများက ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ပညာရည်ချွန်ဆုရရှိကြသူများကို ဆုများပေးအပ်ကြောင်းသိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေး

နေပြည်တော် ဇူလိုင် ၁၃

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)မှကြီးမှူး၍ မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက်ရှိ အစိုးရနည်းပညာ အထက်တန်းကျောင်း(နေပြည်တော်)စုဝေးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) သတင်းနှင့်ပြန်ကြားရေးကော်မတီအတွင်းရေးမှူး ဦးသန်းဆင့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော်ခုတင် ၁၀၀၀ ဆံ့ဆေးရုံမှ စိတ်ကျန်းမာရေးအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာမြင့်မြင့်စိန်၊ အမှတ်(၁)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(နေပြည်တော်)မှရဲအုပ်ရဲဝင်းလွင်နှင့်မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(နေပြည်တော်)မှ ဒုတိယဥက္ကဋ္ဌ(၂)ဦးကျော်ကျော်ဆွေတို့က မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာပေးရှင်းလင်းပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ပညာပေးစာစောင်များဖြန့်ဝေပေးသည်။

ဆက်လက်၍ အစိုးရနည်းပညာအထက်တန်းကျောင်း(နေပြည်တော်)ကျောင်းအုပ်ဆရာကြီးဦးသက်လွင်တိုးက ကျေးဇူးတင်စကားပြောကြားကြောင်းသိရသည်။ **ရဲဝင်းနိုင်**

## နှစ်(၇၀)ပြည့် အာဇာနည်နေ့အကြို ဟောပြောပွဲ နံရံကပ်စာစောင်ပြပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၃

နှစ်(၇၀)ပြည့် အာဇာနည်နေ့အကြိုဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့်ဓာတ်ပုံပြပွဲကို နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် ပုစွန်ဆိတ်ကျေးရွာအုပ်စု ပုစွန်ဆိတ်ကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်း၌ ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန္တာလင်းက မမေ့အပ်သော အာဇာနည်နေ့အကြောင်း ရှင်းလင်းဟောပြောသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ပြသထားသော နှစ်(၇၀)ပြည့် အာဇာနည်နေ့အကြိုစာအုပ်များ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံမှတ်တမ်းများကို ကြည့်ရှုလေ့လာကြပြီး သိလိုသည်များ မေးမြန်းရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက ပြန်လည်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့်အဖွဲ့ဝင်များသည် ပုစွန်ဆိတ်ကျေးရွာ ပညာပျိုးခင်းစာကြည့်တိုက်နှင့် သံပုရာကုန်းကျေးရွာ ပဒေသာစာကြည့်တိုက်တို့တွင် စာကြည့်တိုက်ကော်မတီများနှင့်တွေ့ဆုံကာ စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေးသည်။

အဆိုပါ ဟောပြောပွဲသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန္တာလင်းနှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျောင်းအုပ်ဆရာကြီး ဦးမိုးဆန်း၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **(၄၁၃)**

www.facebook.com/themyawadydaily

## ဒဲလ်ကွန်ပျူတာကုမ္ပဏီက ကမ္ဘာ့ပထမဆုံးကြိုးမဲ့အားသွင်းစနစ်ပါ လက်တော့ပ်ကို စတင်ရောင်းချ



အမေရိကန်နိုင်ငံအခြေစိုက် ဒဲလ်ကွန်ပျူတာကုမ္ပဏီသည် ကမ္ဘာ့ပထမဆုံးဖြစ်သည့် ကြိုးမဲ့အားသွင်းစနစ်ပါ လက်တော့ပ်ကိုစတင်ရောင်းချနေပြီဖြစ်သည်။

အားသွင်းစနစ် နှစ်မျိုးစလုံးကို အသုံးပြုနိုင်သည့် အဆိုပါ တက်ဘလက်ကွန်ပျူတာ၏ ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၁၂၀၀ ကျသင့်မည်ဖြစ်ပြီး အပိုဆောင်းအနေဖြင့် ကြိုးမဲ့အားသွင်းခုံနှင့်ကီးဘုတ်ကို ထပ်မံဝယ်ယူမည်ဆိုပါက အမေရိကန်ဒေါ်လာ ၅၅၀ ထပ်မံကျသင့်မည်ဖြစ်သည်။

အဆိုပါ တက်ဘလက်ကွန်ပျူတာသည် ကိုယ်တိုင်ကြိုးမဲ့အားသွင်းစနစ်ကို မထောက်ပံ့ပေးသောကြောင့် ကြိုးမဲ့အားသွင်းစနစ်အတွက် နှစ်မျိုးသုံးကြိုးမဲ့ကီးဘုတ်ကို ထပ်မံလိုအပ်မည်ဖြစ်သည်။

ထို့ပြင် ကြိုးမဲ့အားသွင်းခုံသည် သတ္တုမျက်နှာပြင်များတွင် အသုံးပြုရန်မဟုတ်ကြောင်း ကုမ္ပဏီကသတိပေးထားသည်။

ယင်းကွန်ပျူတာကို Dell Latitude 7285 ဟုအမည်ပေးထားပြီး အမြန်နှုန်းအတွက် Core-i5-7Y54 နှင့် သိုလှောင်မှုပမာဏ 128 GB ပါဝင်မည်ဖြစ်သည်။ မျက်နှာပြင်မှာ ၁၂ လက်မရှိမည်ဖြစ်ပြီး 8 GB ရှိသည့် RAM ကို အသုံးပြုပေးထားသည်။

***Ref: GSMArena***

## လိုက်ကာကင်မရာကုမ္ပဏီက ကင်မရာအမျိုးအစားသစ်ကို ကြေညာ

လိုက်ကာကင်မရာကုမ္ပဏီက မှန်ပါဝင်ခြင်းမရှိသည့် အချင်းချင်းဖလှယ်နိုင်သော မှန်ဘီလူးများပါဝင်သည့် ကင်မရာအမျိုးအစားသစ်ကို ထုတ်ဖော်ကြေညာလိုက်ပြီဖြစ်သည်။

TL2 အမည်ရှိ အဆိုပါကင်မရာတွင် 24 Mega Pixel ရှိသည့် APS-C အာရုံခံကိရိယာကို Maestro 2 Image Processor နှင့် တွဲဖက်ပေးထားသည်။

ထို့ပြင် အရောင်၊ ကြည်လင်ပြတ်သားမှုအစရှိသည့်အရည်အသွေးများ အလုံးစုံတိုးမြှင့်ထားကြောင်း လိုက်ကာကုမ္ပဏီကအာမခံထားသည်။

အလားတူ ဗီဒီယိုရိုက်ကူးရေးတွင်လည်း စွမ်းဆောင်ရည်များကို မြှင့်တင်ပေးထားပြီး 4K30၊ 1080p60 နှင့် 720p120 တို့ဖြင့် အနှေးရိုက်ကွက်များကိုလည်း ရိုက်ကူးနိုင်မည်ဖြစ်သည်။

ကင်မရာအသစ်တွင် ၃ ဒသမ ၇ လက်မရှိသည့်မျက်နှာပြင်ကို ဝယ်ယူသူများစိတ်တိုင်းကျစေရန် အထူးပြုလုပ်ထားသော ထိတွေ့ LCD မျက်နှာပြင်ကို တပ်ဆင်ပေးထားခြင်းကြောင့် ယခင်မျက်နှာပြင်များထက် ရှစ်ဆပိုမိုတုံ့ပြန်နိုင်စွမ်းရှိသည်။

ပြည့်ဝအလူမီနီယမ်ကိုယ်ထည်ဖြင့်ပြုလုပ်ထားပြီး ငွေရောင်နှင့်အနက်ရောင် နှစ်မျိုးဖြင့်သာရရှိနိုင်သည့် TL2 ကင်မရာကိုဒေါ်လာ ၁၉၅၀ ဖြင့် ဝယ်ယူနိုင်မည်ဖြစ်ကာ မှန်ဘီလူးများအတွက် ကျသင့်ငွေထပ်မံပေးချေရမည်ဖြစ်သည်။ ***Ref: GSMArena***



## KFC နှင့် Huawei တို့ပူးပေါင်းပြီး တရုတ်နိုင်ငံအတွက် သီးသန့်ဖုန်းများထုတ်လုပ်



ကမ္ဘာကျော် ကြက်ကြော်အရောင်းဆိုင်ဖြစ်သည့် KFC နှင့် တရုတ်နိုင်ငံအခြေစိုက် Huawei မိုဘိုင်းလ်ဖုန်းကုမ္ပဏီတို့ ပူးပေါင်းကာ တရုတ်နိုင်ငံအတွက် သီးသန့်ဖုန်းကို ထုတ်လုပ်လိုက်သည်။

Huawei Enjoy 7 Plus ဟု အမည်ပေးထားသည့် အဆိုပါစမတ်ဖုန်းသည် အရောင်အားဖြင့် တရုတ်လူမျိုးများက ကံကောင်းစေသောအရောင်ဟု ယူဆသည့် အနီရောင်ရင့်ရင့်တစ်မျိုးတည်းဖြင့်သာ ထုတ်လုပ်ထားခြင်းဖြစ်သည်။

ဖုန်း၏ကျောဘက်တွင် KFC ဆိုင်ကိုတည်ထောင်သူ ကာနယ်ဟာလန်းဒေးဗစ်ဆန်ဒါး၏ရုပ်ပုံကိုထည့်သွင်းပေးထားသည်။

တရုတ်နိုင်ငံ၌ KFC ကြက်ကြော်ဆိုင်ဖွင့်လှစ်သည့် နှစ် (၃၀) ပြည့်နှင့် Huawei ကုမ္ပဏီတည်ထောင်မှု နှစ် (၃၀) ပြည့် အမှတ်တရအဖြစ် အဆိုပါသီးသန့်စမတ်ဖုန်းကို ထုတ်လုပ်ခြင်းဖြစ်သည်။

အရေအတွက်အားဖြင့် အလုံးရေ ၅၀၀၀ သာထုတ်လုပ်မည့် အဆိုပါစမတ်ဖုန်း၏ဈေးနှုန်းမှာ တရုတ်ယွမ် ၁၀၉၉ ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁၆၀ ကျသင့်မည်ဖြစ်သည်။

***Ref: GSMArena***

## မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၇ ခု ခွင့်ပြုခဲ့

ရန်ကုန် ဇူလိုင် ၁၃

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အမှတ်စဉ် (၁/၂၀၁၇)အစည်းအဝေးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၇ ခု ခွင့်ပြုခဲ့ကြောင်း ယမန်နေ့က ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရုံး (ရန်ကုန်)၌ ကျင်းပခဲ့သော စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။



ယင်းလုပ်ငန်း ၂၇ ခု၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၂ )အရ ခွင့်ပြုခဲ့သည့် လုပ်ငန်း ၁၁ ခု ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆ )အရ ခွင့်ပြုခဲ့သည့်လုပ်ငန်းခုနစ်ခုနှင့် အတည်ပြုမိန့်ထုတ်ပေးခဲ့သည့် လုပ်ငန်းကိုးခုတို့ဖြစ်သည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၇ ခုတွင် စက်မှုလုပ်ငန်း ၁၄ ခု၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးလုပ်ငန်းနှစ်ခု၊ မွေးမြူရေးနှင့်ရေလုပ်ငန်းတစ်ခု၊ တခြားဝန်ဆောင်မှုကဏ္ဍလုပ်ငန်း ခုနစ်ခု၊ အိမ်ရာအဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုလုပ်ငန်းနှစ်ခုနှင့် စိုက်ပျိုးရေးကဏ္ဍလုပ်ငန်းတစ်ခုတို့ကို ခွင့်ပြုခဲ့သည်။

အဆိုပါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၇ ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၉၁၆ ဒသမ ၅၉၃ သန်းရရှိခဲ့ပြီး ထိုသို့ခွင့်ပြုလိုက်သည့် လုပ်ငန်းများမှ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်ပေါင်း ၇၁၅၅ နေရာကျော် ဖန်တီးပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ၂၀၁၇ ခုနှစ် ဇူလိုင်လလယ်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၉၃ ခုခွင့်ပြုခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၉၈၉ ဒသမ ၈၁၃ ရရှိကြောင်း သိရသည်။ **ကျော်ကို**

## ဆန်စက်များ အရည်အသွေးမီ မမီ စစ်ဆေးလိုပါက မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်သို့ စာရင်းပေးပို့နိုင်

ရန်ကုန် ဇူလိုင် ၁၃

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မြန်မာ့ဆန်တန်ချိန် နှစ်သိန်းကို တရုတ်နိုင်ငံသို့ တင်ပို့နိုင်ရန် တရုတ်နိုင်ငံ ဆန်အရည်အသွေးစစ်ဆေးရေးအဖွဲ့ (AQSIQ) မှ မြန်မာ့ဆန်စက်များကို ယခုလအတွင်း လာရောက်စစ်ဆေးနိုင်ရန် ခန့်မှန်းထားရာ မိမိ၏ဆန်စက်များ အရည်အသွေးမီ၊ မမီ အစစ်ဆေးခံချင်သူများအနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သို့ ဇူလိုင် ၁၇ ရက်နောက်ဆုံးထား၍ စာရင်းပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ဆန်များ၏ အရည်အသွေးကို တရုတ်နိုင်ငံ ဆန်အရည်အသွေးစစ်ဆေးရေးအဖွဲ့မှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ သီးနှံကာကွယ်ရေးဌာနနှင့်ပူးပေါင်း၍ လာရောက်စစ်ဆေးမည်ဖြစ်သည်။

"ပိုးမွှားနှိမ်နင်းမှု၊ ဓာတ်မြေဩဇာ၊ ဓာတုဗေဒပစ္စည်းတွေ ညစ်ညမ်းမှုမဖြစ်အောင် စီမံခန့်ခွဲမှု၊ သန့်ရှင်းမှု၊ စက်ရုံအနေနဲ့ ISO၊ ACCP စတဲ့နိုင်ငံတကာအသိအမှတ်ပြုစံနှုန်းတွေနဲ့ကိုက်ညီတဲ့ အနေအထားရှိ၊မရှိ အပိုင်းတွေကို စစ်ဆေးဖို့ပါ။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က တရုတ်နိုင်ငံကို တင်ပို့ဖို့ စိတ်ဝင်စားတဲ့ဆန်စက်တွေကို AQSIQ ရဲ့သတ်မှတ်ချက်တွေနဲ့ ပြည့်မီခြင်းရှိ၊ မရှိ၊ ကိုက်ညီခြင်းရှိ၊ မရှိ ကိုလည်း သင်တန်းပေးနေပါတယ်"ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဒုတိယ ဥက္ကဋ္ဌ ဦးအောင်သန်းဦးကပြောသည်။

ထိုသို့ စစ်ဆေးရာတွင် ပိုးမွှားရောဂါရှိ၊ မရှိနှင့် သန့်ရှင်းရေးဆောင်ရွက်နေမှုများကို အသေးစိတ်လာရောက်စစ်ဆေးမည်ဖြစ်ကြောင်း၊ ၎င်းတို့စစ်ဆေးပြီးသည့်ဆန်စက်များမှ ကြိတ်ခွဲသည့်ဆန်များကိုသာ ဝယ်ယူမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ရုံးအဖွဲ့မှူး ဦးမြင့်လွင်ကပြောသည်။

ယခုနှစ်တွင် တရုတ်နိုင်ငံသို့ ဆန်တန်ချိန်နှစ်သိန်း တင်ပို့နိုင်ရေးအတွက် ဆန်စက်များကို ယခုလအတွင်း လာရောက်စစ်ဆေးရန် တောင်းဆိုထားကြောင်း သိရသည်။ **နေနေ**



14-7(P_12)YM.indd 1 7/13/2017 4:20:14 PM

# ကျိုင်းတုံမြို့ ဓမ္မောဒယပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော်၏ အန္တိမဈာပန သာဓုကီဠနပူဇာသဘင်ကျင်းပရန် အလှူငွေများပေးအပ်လှူဒါန်း



ဓမ္မောဒယပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော်၏ အန္တိမဈာပနသာဓုကီဠနပူဇာသဘင်ကျင်းပရန်အတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများကလှူဒါန်းသည့်ငွေကျပ်သိန်း ၅၀ ကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသန်းထွန်းဦးက ပေးအပ်စဉ်။

**နေပြည်တော် ဇူလိုင် ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ ဓမ္မောဒယပရိယတ္တိစာသင်တိုက်၏ ဦးစီး ပဓာန နာယကဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာဒေယျ(သက်တော် ၉၁ နှစ်၊ သိက္ခာတော် ၇၁ ဝါ) သည် ဇူလိုင် ၁၁ ရက် ည ၇ နာရီ ၁၀ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ရာ ဆရာတော်ကြီး၏ အန္တိမဈာပန သာဓုကီဠနပူဇာသဘင်ကျင်းပနိုင်ရေးအတွက် အလှူငွေများပေးအပ်လှူဒါန်းခြင်းကို ဇူလိုင် ၁၂ ရက် နေ့လယ်ပိုင်းတွင် အဆိုပါစာသင်တိုက်၌ ပြုလုပ်သည်။

အလှူငွေပေးအပ်ပွဲသို့ တာချီလိတ်မြို့၊ နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ရ ဘဒ္ဒန္တဓမ္မသီရိအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးသန်းထွန်းဦး၊ ကြို့ဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် အလှူငွေပေးအပ်ပွဲကို ဆက်လက်ပြုလုပ်ရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့်ငွေကျပ် သိန်း ၅၀ ကို ဒုတိယဗိုလ်ချုပ်ကြီးသန်းထွန်းဦးကလည်းကောင်း၊ တိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများကလှူဒါန်းသည့် အလှူငွေကျပ် ၁၆၂ သိန်းနှင့် အလှူရှင်များက လှူဒါန်းသည့် အလှူငွေကျပ် ၁၈၄ သိန်းကို တိုင်းမှူးနှင့်အလှူရှင်များကလည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ
နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက် အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို



- ဝန်နှင့်အားမျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှု မရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ်အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

# ထိုင်းနိုင်ငံမှ ရွှေ့ပြောင်းမြန်မာအလုပ်သမားများ မြန်မာနိုင်ငံသို့ပြန်လည်ဝင်ရောက်ရာတွင် တပ်မတော်၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက ဆက်လက်ပူးပေါင်းကူညီလျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၃**

ဇွန်လ ၂၉ ရက်မှစ၍ ထိုင်းနိုင်ငံမှ ရွှေ့ပြောင်းမြန်မာအလုပ်သမားများပြန်လည်ဝင်ရောက်လျက်ရှိရာ ယနေ့အထိ မြဝတီနယ်စပ်ဂိတ်မှ ၁၁၄၇၂ ဦး၊ ဘုရားသုံးဆူနယ်စပ်ဂိတ်မှ ၄၄၈၇ ဦး၊ စုစုပေါင်း ၁၅၉၅၉ ဦးဝင်ရောက်ခဲ့သည့်အနက် ၁၁၇၁၇ ဦးမှာ ၎င်းတို့၏ အစီအစဉ်ဖြင့် နေရပ်အသီးသီးသို့ထွက်ခွာသွားခဲ့သဖြင့် ၄၂၂၂ ဦးအား နယ်မြေခံတပ်မတော်သားများ၊ လူမှုအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများပူးပေါင်း၍ မော်တော်ယာဉ်များစီစဉ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် သက်ဆိုင်ရာနေရပ်များသို့ စနစ်တကျရောက်ရှိရေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၁၂ ရက် ညနေ ၃ နာရီမှ ယနေ့ညနေ ၃ နာရီအထိ မြဝတီနှင့် ဘုရားသုံးဆူနယ်စပ်ဂိတ်အသီးသီးမှ ဝင်ရောက်လာသူ ၆၆၂ ဦးရှိသည့်အနက် ၄၀၁ ဦးမှာ ၎င်းတို့အစီအစဉ်ဖြင့် နေရပ်ပြန်သွားခဲ့ပြီး နေရပ်ပြန်ရန်အခက်အခဲရှိသည့် ၂၆၁ ဦးတို့အား တပ်မတော်မှ မော်တော်ယာဉ်ရှစ်စီး၊ မြဝတီခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဘုရားသုံးဆူမြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှစီစဉ်ပေးသည့် မော်တော်ယာဉ်နှစ်စီး၊ စုစုပေါင်း ၁၀ စီးဖြင့် အခမဲ့ပို့ဆောင်ပေးခဲ့ကာ စားသောက်ဖွယ်ရာများစီစဉ်ပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။



ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် ရွှေ့ပြောင်းမြန်မာအလုပ်သမားများအား နယ်မြေခံတပ်မတော်သားများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ထို့ပြင် မြဝတီမြို့မှ သထုံမြို့သို့ပို့ဆောင်ပေးခဲ့သည့် ရွှေ့ပြောင်းအလုပ်သမား ၂၁၄ ဦးကိုလည်း တပ်မတော်မှ မော်တော်ယာဉ်ခုနစ်စီးဖြင့် ရန်ကုန်မြို့သို့ဆက်လက်ပို့ဆောင်ပေးသည်။

အလားတူ ရွှေ့ပြောင်းအလုပ်သမားများ ထပ်မံဝင်ရောက်လာပါက မော်တော်ယာဉ်၊ စားသောက်ဖွယ်ရာနှင့် ကျန်းမာရေးစောင့်ရှောက်မှုများအသင့်ရှိစေရေးအတွက် တပ်မတော်၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်းစီစဉ်ဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် ရွှေ့ပြောင်းမြန်မာအလုပ်သမားများ နေရပ်များသို့ စနစ်တကျရောက်ရှိရေး တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးစဉ်။

# လားရှိုးမြို့ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲများပြုလုပ်



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်လှိုင် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇူလိုင် ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား ယနေ့နံနက်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေးဟောပြောမှုများဆောင်ရွက်ပေးသည်။

ဦးစွာ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျောင်းသား၊ ကျောင်းသူများအား ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးရေးဆိုင်ရာ သိကောင်းစရာများကို ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူ ၁၁၁၆ ဦးတို့ကို အရပ်တိုင်းခြင်း၊ ပေါင်ချိန်ခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးစစ်ဆေးခြင်း၊ ဆရာ၊ ဆရာမ ၄၁ ဦးနှင့် ကျောင်းသား၊ ကျောင်းသူများအား သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများနှင့် ကျောင်းဝင်းအတွင်း ခြင်ခိုအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်ခင်လှိုင်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## နေရာကွက်၍ မိုးကြီးနိုင်

၁၄-၇-၂၀၁၇

ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာစိပ်စိပ်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

www.facebook.com/themyawadydaily



MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwdpress@hotmail.co.uk

# Senior General Min Aung Hlaing visits Naval Training School in Visakhapatnam

**Nay Pyi Taw July 13**

The Myanmar Tatmadaw goodwill delegation led by Commander-in-Chief of Defence Services Senior General Min Aung Hlaing, currently on a visit to India, visited the Naval Training School in Visakhapatnam this morning. They were welcomed there by Commanding Officer Captain Mukyl Surange and officials.

Speaking to the officers and other ranks from Myanmar's Tatmadaw (Navy) attending the training school, Senior General Min Aung Hlaing said the Myanmar Tatmadaw is sending human resources to attend local and foreign training courses in order to build up the capacity of the Tatmadaw (Navy) and modernize the Navy of the Tatmadaw. They therefore need to train hard and effectively as such courses have to invest in time, work and money. They must study hard by paying close attention to what the instructors concerned teach. They must respect the school disciplines and rules as well as the regional cultures and traditions. He then urged the trainees to watch their way of living and behaviours such as healthy eating and living depending on climatic conditions and dress code so as to maintain the dignity of their Tatmadaw and country. Afterwards, the Senior General presented gifts and cash awards to the trainees.

At the meeting hall of the training school, Commander S Gantayat explained organizational setup of the school headquarters, and training sessions of relevant departments. The Senior General and party raised questions they wanted to know. Then, the Senior General asked about training situation of the trainees from Myanmar Tatmadaw and discussed providing for training including basic knowledge to them to have capability for applying their actual skills in practical fields.

Next, the Senior General and party visited the training school where they were conducted round by officials. The commandant of the training school presented the emblem to the Senior General who returned gifts. Afterwards, they posed for documentary photo.

At 1 pm local standard time, the Senior General and party left Visakhapatnam by the special aircraft of Indian Armed Forces. They were seen off at the airport by Rear Admiral Decpak Kepoor and wife of Eastern Naval Command Headquarters and officials. At 4.30 pm local standard time, the Senior General and party arrived in New Delhi where they were welcomed by Myanmar Ambassador to India U Maung Wai and wife, Assistant Chief of Naval Staff Rear Admiral Dhiren Vig from Foreign Relations and Cooperation Department of the Indian Navy of Indian Armed Forces and officials.

**100**




Senior General Min Aung Hlaing and party pose for documentary photo together with officers from Naval Training School in Visakhapatnam.



Senior General Min Aung Hlaing and party visit Naval Training School in Visakhapatnam.




Senior General Min Aung Hlaing and party being welcomed by Myanmar Ambassador to India U Maung Wai and wife, Assistant Chief of Naval Staff Rear Admiral Dhiren Vig and officials of Indian Navy at the airport in New Delhi.

# Myanmar Tatmadaw goodwill delegation led by Senior General Min Aung Hlaing hosted dinner by Commander of Eastern Naval Command of India



Senior General Min Aung Hlaing presents gift to Commander of Eastern Naval Command Vice Admiral HCS Bisht.

**Nay Pyi Taw July 13**

The Myanmar Tatmadaw goodwill delegation led by Commander-in-Chief of Defence Services Senior General Min Aung Hlaing and wife Daw Kyu Kyu Hla, currently in India to pay a goodwill visit, was hosted a dinner in its honour by Commander of Indian Eastern Naval Command Vice Admiral HCS Bisht at his residence on 12 July evening.

First, the Commander and officials welcomed the Senior General and wife. Then, the Commander and wife presented gifts to the Myanmar Tatmadaw goodwill delegation. The Senior General and wife gave gifts to the Commander and wife. Afterwards, they had the dinner. Before and during the dinner, the band of the Eastern Naval Command Headquarters played the songs of both countries. After the dinner, the Senior General and wife presented cash award to the band.

At 9.30 am local standard time, Daw Kyu Kyu Hla, wife of the Senior General, together with delegation members, visited the Navy Wives Welfare Association-NWWA at the Eastern Naval Command Headquarters where the chair of the association and members welcomed them. Then, the secretary of the association committee explained duty and functions of the association and hosted a tea party to the Myanmar delegation.

Afterwards, Daw Kyu Kyu Hla and party visited the nursery for the children with disabilities being operated by the NWWA Committee. Next, they visited the day care school, vocational training centre for women of the families and shopping centre for welfare of the families.

**100**



Daw Kyu Kyu Hla, wife of the Senior General, and party visit day care school of Navy Wives Welfare Association at Eastern Naval Command Headquarters of India.

# WCS announces awards for information about crane nests

**Yangon July 13**

Wildlife Conservation Society (WCS) Myanmar has announced awards for giving information about the nests of crane, an endangered species of bird not only in Myanmar but also in the world.

Of various species of crane, cranes which make Ayeyawady Delta their home are facing the danger of extinction. And the population is estimated to around 200 to 400, according to WCS.

WCS, in its efforts to conserve this critically endangered species of crane, will give awards to those who provide information about the nests, habitat, number and migration season of crane.

Moreover, it also plans to provide compensation for concerned farmers if cranes build nests on their farms. Yekyi, Hinthada, Kyaiklat, Wakema, Maubin, Mawlamyinekyun, Myaungmya and Einme in Ayeyawady Delta are home to endangered crane species in Myanmar. **Su Latt**

# MPF invites private sector for building renovation

**Yangon July 13**

Private sector will be offered to repair three buildings in Myanmar Pharmaceutical Factory (MPF) (Insein) in order to boost the production of medicines, according to its deputy head Dr Aung Zaw.

"With the aim of fulfilling the local demand, we will invite private companies for boosting drug manufacturing through renovation of building," said Dr Aung Zaw.

"Those buildings were built in 1958. As they have the life span of about 60 years, we need extensive renovation. In order to save the State Budget, we will invite the private sector as partners who will renovate the buildings and cooperate with us in producing more drugs," said Dr Aung Zaw.

In doing so, the government can encourage the development of private industries, state budget can be used in needy sectors and more medicines can be produced in the future.

"We will invite tender to private companies in a few days via newspaper. At this time, medicines are being produced at those old buildings. However, the life span of machinery is old and the production capacity of medicines is falling. For instance, if we replace the old machinery with the new one, current production capacity of 100,000 drugs can be increased to 500,000 medicines per month. The production amount might be also one million tablets," said Dr Aung Zaw.

The factory has been producing tablets, capsules, liquid medicines, oil medicines, injections and other medicines as well as anti-venom and other vaccines since 1958. However, it can only produce eight to 10 percent of the country's demand. **Aung**

# 30 int'l-aided projects for Mandalay development

**Mandalay July 13**

Mandalay Region Government will implement 30 projects with international loans and assistance in the country's second largest city from 2017 to 2021, according to Mandalay Region Minister U Myat Thu for Planning and Economy.

For the development of the cultural city, the Region Government in cooperation with partnered organizations such as Kanbawza Bank, Asia Development Bank, Japan International Cooperation Agency and French Development Agency will carry out water distribution, transportation and electrification projects.

"Of 30 projects, 19 projects will be implemented with international loans and 11 projects with international assistance from 2017-2018 FY to 2020-2021 FY," said U Myat Thu at the Mandalay Region Parliament.

Dr Chit Ko Ko, a representative of Pyigyitagun Township Constituency, asked the Region Government information about the lender country as the projects are weak in transparency. And the Region Minister gave the above answer.

Some of 19 projects which are carrying out with international loans are renovation of irrigation system at Chaungmagyi Dam in Yamethin Township, expansion of water distribution in Meikhtila District, community-centred projects in five townships, development of waterway along the Ayeyawady River, upgrading of railway section and increasing the number of locomotives and passenger coaches.

Of 11 projects which are carrying out with the assistance of foreign countries, Mandalay Port Upgrading Project is the biggest project which is implemented by the Directorate of Water Resources and Improvement of River Systems at a cost of more than Ks-22,000 million. Mandalay City Development Committee will get a lot of international support to expand the water distribution system in the downtown of Mandalay, according to the Mandalay Region Ministry of Planning and Finance.

**Aung**

# Friendly fire kills two soldiers in southern Philippines

**Manila July 13**

A Philippine military jet accidentally killed two soldiers and injured 11 others as troops fought to retake a southern city from pro-Islamic State group militants, the military said Thursday.

The incident on Wednesday was the second time soldiers have been killed by their own air support since fighting began in Marawi city almost two months ago, military spokesman Brigadier General Restituto Padilla said.

The army called air strikes at midday against a building where militants were believed to be hiding, but one of four bombs dropped by an FA-50 fighter jet fell short, he told reporters.

"The bomb fell in an area proximate to a building where some of our men were staying and the ensuing blast caused part of that building to collapse," Padilla said.

"The debris that fell from the part of the collapsed structure fell on our men causing the death of two and injuries to 11 others."

The fighting has left 92 soldiers and police, 392 militants and 45 civilians dead in 52 days of fighting, Padilla said.

They included up to six civilians believed to have been killed by the militants and whose remains were discovered by troops at the city centre on Wednesday, the military said.

"They were civilians that were killed earlier during the start of the fight, executed by these terrorists," Padilla added.

However, an attempt to retrieve the remains was aborted Thursday due to gunfire, local officials said.

The military estimates about one hundred surviving gunmen still control around a thousand houses and commercial buildings in downtown Marawi.

The fighting has forced nearly 400,000 residents of Marawi and surrounding towns and villages to flee, officials said. **AFP**



**Government soldiers are seen on a military truck as they continue their assault on insurgents from the Maute group, who have taken over large parts of Marawi City, Philippines, on June 1, 2017.**

# Two Thais charged over Aussie tourist parasailing death

**Bangkok July 13**

Two Thai men have been charged after an Australian tourist plunged to his death while parasailing in the tourist island of Phuket, the latest tragedy to highlight the kingdom's dismal safety record.

People watched in horror on Wednesday as 71-year-old Roger Hussey fell more than 100 feet (30 metres) into shallow waters on Kata beach after the harness attaching him to the parasailing instructor failed.

His wife, Thai national Budsabong Thongsangka, was filming at the time and uploaded the tragic video of his last moments onto the internet.

Police in Phuket confirmed two men had been charged.

"Boat owner Montien Jandaeng, 45, and parachute attendant Rungroj Rakcheep, 38, are charged with negligence resulting in death of another person," Lieutenant Suwisit Keereerak, from Karon police station, told AFP on Thursday.

"The equipment was not up to standard and the parachute attendant failed to tell his victim to hold the ropes in the correct position," he added, saying Hussey died in hospital.

Tourism is a crucial pillar of Thailand's economy, but accidents involving travellers are common amid lax and often weakly enforced safety regulations.

Authorities often launch prosecutions after fatal accidents occur but critics say few checks are made to ensure easily avoidable tragedies do not happen in the first place.

A dire safety record has not deterred travellers, with Thailand welcoming a record 32 million tourists in 2016, compared to 14 million in 2006. **AFP**

# Trump envoy mediates water deal between Israel, Palestinians

**Jerusalem July 13**

US President Donald Trump's Middle East peace envoy said Thursday Israel would supply the Palestinians with millions of cubic metres of water annually, as Washington seeks to build confidence for fresh negotiations.

Jason Greenblatt hailed an "important step forward" in a wider regional water deal, as Israel announced it would provide more than 32 million cubic metres of water to the Palestinians annually.

"Water is a precious commodity in the Middle East. The United States welcomes the agreement reached by the Palestinian Authority and the government of Israel which will allow for the sale of up to 33 million cubic metres of water from Israel to the PA," Greenblatt said at a signing ceremony in Jerusalem.

Israel's Regional Cooperation Minister Tzachi Hanegbi and Mazin Ghunaim, head of the Palestinian Water Authority, also attended.

Palestinians suffer from water shortages and say the unequal distribution of water resources favours Israel.

The deal announced Thursday is part of a wider water project involving the Red and Dead Seas to be developed over the next five years, but the Palestinians are likely to begin receiving water from it before then, Hanegbi said.

It came after Greenblatt helped broker an agreement between the two sides on the price and quantities of water, as well as where the connection points will be.

The deal is supposed to ease water scarcity in the Palestinian territories, including in the Gaza Strip, where more than 95 percent of water is undrinkable.

Ghunaim said 22 million cubic metres would go to the Israeli-occupied West Bank, while a further 10 million would go to Gaza.

"This will reduce the suffering of the Palestinian people which has been worsened by the beginning of summer and the crises that they are living through," he said.

The deal is part of a pre-existing plan to link the Dead Sea and the Red Sea by pipes in Jordan. **AFP**

# Former Brazil leader Lula gets nearly 10 years in jail for graft

**Brasília July 13**

Brazil's former president Luiz Inacio Lula da Silva was sentenced to nearly 10 years in prison for graft in a stark fall from grace for the iconic leftist leader.

Lula, who ruled Brazil from 2003-2010, was convicted and handed a 9.5-year prison term on Wednesday for accepting a luxury seaside apartment and $-1.1 million, the latest twist in a giant corruption probe engulfing Latin America's largest economy.

But anti-corruption judge Sergio Moro said the 71-year-old Lula would remain free pending an appeal -- something his lawyers immediately said they would lodge.

"We are appealing and will prove his innocence," the lawyers said in a statement sent to AFP.

The conviction nevertheless landed a heavy blow on the prospect of Lula making a political comeback in presidential elections due in October next year.

The verdict also sent a dramatic message to much of Brazil's political class that they, too, risked falling afoul of the anti-graft drive.

Even the current president, Michel Temer, has been charged with taking bribes and several of his ministers have resigned after corruption claims were made.

The sea change has come about because of Operation "Car Wash," a sweeping probe looking into a giant embezzlement and kickbacks scheme involving state-owned oil group Petrobras, construction firms and several political parties -- Lula's Workers' Party chief among them. **AFP**

# Spending time outdoors and playing sport prevents children becoming short-sighted – as experts predict half the world will suffer from the condition in 30 years

- Near-sighted children had lower levels of vitamin D and a higher BMI
- Rise in problem blamed on youngsters spending less time in natural light
- Time spent looking at screens also said to disrupt normal eye development
- Experts in Rotterdam recommend children play outside for 15 hours a week
- Work close to the face should be restricted to a maximum of 45 minutes at a time


Researchers say children spending less time outdoors is the underlying source of the problem.

Children who spend less time outdoors and do not play much sport are more likely to be near-sighted, new research suggests.

They also have lower levels of vitamin D and a higher body mass index, the large study found.

It's more evidence that points the finger at lifestyle changes for the alarming rise in short-sightedness.

Experts have previously said half the world's population will suffer from this in 30 years – with youngsters spending less time in natural light and more time looking at screens blamed.

To help prevent it, the new study recommends children should play outside for 15 hours a week.

Furthermore, the amount of 'work' close up to the face should be restricted to no longer than 45 continuous minutes.

Study author Dr Caroline Klaver of Erasmus Medical Center in Rotterdam told Reuters: 'Lifestyle in early youth is very much associated with onset of myopia [short-sightedness].

'Not being outside, and performing lots of near work will increase risk a lot.'

Myopia usually occurs when the eyes grow slightly too long, which means they're unable to produce a clear image of objects in the distance.

It's thought to currently affect up to one in three people in the UK.

It has not always been clear exactly why this happens, but it's thought to be the result of a combination of genetic and environmental factors disrupting the normal development of the eye.

Short-sightedness can range from mild, where treatment may not be required, to severe, where a person's vision is significantly affected.

The condition usually starts around puberty and gets gradually worse until the eye is fully grown, but it can also develop in very young children.

**Key findings**

The new study looked at 5,711 urban children in Rotterdam who have been participating since birth, along with their mothers, in a long-term study.

At age six, the children had a full medical examination and 2.4 percent were found to have nearsightedness.

The researchers used statistical techniques to analyze a wide variety of factors – including social and economic aspects, ethnicity, lifestyle, parents' education levels, children's' activities.

Factors like being highly educated and of non-European heritage have traditionally been linked to nearsightedness.

However, the findings suggests that how young children spend their time is likely to be the underlying source of the problem, the team wrote in the British Journal of Ophthalmology.

**What the experts say**

Dr Jeremy Guggenheim, an optometry professor at Cardiff University, who was not involved in the research, told Reuters differences in ethnic groups could be due to differences in lifestyle.

'The new study and other recent work suggests that this preventative effect of time outdoors is beneficial even at very young ages, e.g. three to six years old,' he said.

'Too much close work, such as reading and using hand-held devices, may also be a risk – although the jury is still out on this question.'

The authors note that the study was limited by the low number of children with myopia and the lack of information about parents' nearsightedness – a well-known risk factor for the condition.

**Mail Online**

# Flying cars and no more pilots in flight revolution: Airbus

**Hong Kong July 13**

Pilotless aircraft, flying electric vehicles and bespoke air cabins are the future of flight, Airbus said Thursday.

Paul Eremenko, the European plane-maker's chief technological officer, painted a picture of skies buzzing with new flight forms at the RISE tech conference held in Hong Kong.

Airbus is already testing out what it calls a "module" cabin concept -- passenger planes being tailored to different demands.

"You can imagine on a flight to Vegas, you might have a casino module," said Eremenko.

"Or in a more general sense, you may have a sleeping module and you go and pay 50 bucks an hour to have the ability to sleep in a sound-proof, climate-controlled area," he added.

Eremenko said Airbus had been working on the project for a year already, including user trials.

Airbus has also been working on a self-piloted flying car, the Vahana, with testing on a full-size prototype to be done by the end of the year.

"Our goal really is to open up the third dimension in cities and we believe that the time is right," said Eremenko, describing the growth of mega-cities, increasing congestion and technological developments as factors fuelling the development of electric short-hop flight travel.

Pilotless flight was also on the cards, he said, playing down safety fears.

"We believe the first autonomy will come in the domain of urban air mobility where the vehicles are smaller and there are fewer occupants," he said, adding it was easier to fly autonomously than to drive autonomously.

"That, I have fairly high confidence that we will get to in single-digit years," he said, adding the problem was not a technical one but of social acceptance.

Artificial intelligence was the main focus of the sprawling RISE conference, which Wednesday included a debate between two lifelike disembodied robot torsos on the future of humanity.

**AFP**

# Spain's bull running festival claims more injuries

**Madrid July 13**

Spain's famous bull running fiesta in Pamplona claimed yet more victims on Thursday as eight daredevil participants were injured, some of them gored and trampled on, authorities said.

In their daily spreadsheet that tracks injuries during San Fermin, the regional government of Navarra, where Pamplona is located, said seven men and one woman aged 18 to 57 -- all of them Spanish -- were hurt and taken to hospital.

Two men were gored, though the government said their injuries were not serious.

But it said the condition of three of the runners who had suffered unspecified trauma to the chest, arm and face, was as yet unclear.

One of the men falls down and is trampled by two bulls, one of which then gives another runner a shove with his horn, prompting him to fall down. So far this year, more than 30 people have been injured in the bull runs.

**AFP**



21.indd 1 7/13/2017 7:35:49 PM

# အငြင်းပွားရေပိုင်နက်ပြဿနာ တိုးမြှင့်အဖြေရှာနေကြသည့် ဂျပန်နှင့်ရုရှား



ကမ္ဘာ ပေါ်၌ ဒုတိယကမ္ဘာစစ်ပြီးကတည်းက ယနေ့အချိန်ထိ မတည့်သေးသည့် ကမ္ဘာ့အင်အားကြီးနှစ်နိုင်ငံကိုပြပါဆိုလျှင် ရုရှားနှင့်ဂျပန်ကို ချန်ထား၍မရပေ။ ၂၀၁၇ ခုနှစ်မတိုင်မီ အချိန်ထိ နယ်မြေအငြင်းပွားမှုများကြောင့် မည်သည့်အချိန်တွင် စစ်ပွဲများဖြစ်မလဲ ဟု စိုးတထိတ်ထိတ်ဖြစ်ခဲ့ရသည်။

ယင်းပြဿနာ၏အစက ၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်အပြီး ဆန်ဖရန်စစ္စကို ငြိမ်းချမ်းရေးစာချုပ်ကြောင့် စတင်ပေါ်ပေါက်လာခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။ ဖက်ဆစ်ဂျပန်တို့သည် အမေရိကန်၏ ချူကလီးယားဗုံးကြောင့် လက်နက်ချအရှုံးပေးရသည့်အချိန်တွင် ဂျပန်ကို အမေရိကန်က ကိုယ်ပိုင်ကာကွယ်ရေးတပ်မတော်သာထားခွင့်ပြုပြီး ဂျပန်နိုင်ငံရေးနှင့် စစ်ရေးကိုလည်း စာချုပ်များဖြင့် ထိန်းချုပ်ထားသည်။

ထိုအထဲတွင် ဒုတိယကမ္ဘာစစ်၌ မဟာမိတ်များဖြစ်ခဲ့ကြသည် ရုရှားကို အမေရိကန်တို့က မျက်နှာသာပေးခဲ့ပြီး ဂျပန်တို့ဆီမှ ကျွန်းများကို ရုရှားအား စာချုပ်စာတမ်းများနှင့်ပိုင်ဆိုင်စေခဲ့သည်။ သို့သော် ကျွန်းဆွယ်ပေါင်းမည်မျှရှိသည်ကို အတိအကျမသတ်မှတ်ခဲ့သည့်အတွက် ဂျပန်တို့ တစ်ဖန်ပြန်လည်အင်အားကြီးထွားလာသည့်အခါ ပြဿနာပေါ်လာရတော့သည်။

ဂျပန်နိုင်ငံ၏မြောက်ဘက်၊ ရုရှားနိုင်ငံ၏တောင်ဘက် ကူရိကျွန်းဆွယ်၌ ပါဝင်သည့်ကျွန်းများကို ရုရှားတို့ကတစ်ဆင့် ထိန်းချုပ်ခဲ့သည်။ စစ်ရှုံးခဲ့သည့် ဂျပန်တို့မှာ ထိုအချိန်တုန်းက အသံပင်မထွက်ရဲခဲ့ကြပေ။ ယခုတော့ စစ်ရေးအရသာမက စီးပွားရေးအရပါ ထိုနေရာများက မဟာဗျူဟာကျလာခဲ့သည့်အတွက် ဂျပန်တို့ ပြန်လိုချင်လာသည်။

ရုရှားကလည်း ကူရိကျွန်းဟုတ်ဟုတ်၊ မဟုတ်ဟုတ် မည်သည့်ကျွန်းကိုမျှ ဂျပန်တို့ လက်ထဲသို့ပြန်မပေးဘဲ ထိုနေရာတစ်ဝိုက်ကျွန်းတိုင်းကို ကူရိကျွန်းဟုသာ ခေါင်းစဉ်တပ်ပြီး ထိန်းချုပ်မြဲထိန်းချုပ်ထားခဲ့သည်။ ၂၀၁၆ ခုနှစ်အထိ ဂျပန်နှင့် ရုရှားတို့ ပင်လယ်ပြင်ကျွန်းဆွယ်အငြင်းပွားမှုများက အမြင့်မားဆုံးသို့ ရောက်ရှိခဲ့ပြီး စစ်ရေးအရ ထိပ်တိုက်တွေ့ဆုံမှုများ ဖြစ်လုနီးပါးဖြစ်ခဲ့သည်။

၂၀၁၁ ခုနှစ် ရုရှား၌ သမ္မတဒီမီထရီ မက်ဗီဒေ့ဗ်အုပ်ချုပ်စဉ်ကာလက ဂျပန်က စာချုပ်တွင်ပါသည့် ကူရိကျွန်းများကို မလိုချင်။ ကူရိကျွန်းမဟုတ်ဘဲ သိမ်းပိုက်ထားသည့်ကျွန်းများကိုသာ ရုရှားဆီမှပြန်လိုချင်သည်ဟုတောင်းဆိုခဲ့သည်။ မက်ဗီဒေ့ဗ်က ဂျပန်တို့၏တောင်းဆိုမှုများကို ဒေါသတကြီး ပြန်လည်တုံ့ပြန်ခဲ့ပြီး ကူရိကျွန်းပေါ်၌ လေကြောင်းရန် ကာကွယ်ရေးစနစ်ကို တပ်ဆင်ကာ ဂျပန်တို့ လာသမျှတိုက်လေယာဉ်တိုင်းကို ပစ်ချမည်ဟုဆိုခဲ့သည်။

ထို့နောက် ယင်းနေရာတစ်ဝိုက်ကိုရုရှားတို့၏ Su27 ဂျက်တိုက်လေယာဉ်များဖြင့် ကင်းလှည့်စေခဲ့သည်။ ထိုတိုက်လေယာဉ်များက ဂျပန်တို့လေကြောင်းရန်ကာကွယ်ရေးဇုန်အထိပင် ကျူးကျော်ဝင်ရောက်သည့်အတွက် ဂျပန်တို့ကလည်း သူတို့ကို လေယာဉ်အုပ်စုများလွှတ်ပြီး ပြန်လည်တုံ့ပြန်ခဲ့ရသည်။ နောက်ထပ် ရုရှားတို့ အားဖြည့်သည့်အနေဖြင့် ကူရိကျွန်းများကို အလုံးစုံကာကွယ်ရန် ပြင်သစ်ဆီက ရုရှားတို့ စစ်ရေယာဉ်လေးစင်း ထပ်မံမှာယူခဲ့သည်။

သို့သော် ၂၀၁၄ ခုနှစ်တွင် လွှဲပြောင်းပေးအပ်လုဆဲဆဲ၌ ရုရှားတို့၏ ခရိုင်းမီးယားကို ကျူးကျော်မှုကြောင့် ထိုတိုက်ရေယာဉ်လေးစင်းကို လက်လွှတ်ဆုံးရှုံးခဲ့ရသည်။ ဂျပန်ကလည်း ခရိုင်းမီးယားကို ကျူးကျော်မှုကြောင့် ရုရှားကို စီးပွားရေးပိတ်ဆို့မှုများ ချမှတ်ခဲ့ပြီး လက်တုံ့ပြန်ခဲ့သည်။ ရေနံ၊ ကုန်သွယ်ရေးနှင့် တခြားပူးပေါင်းဆောင်ရွက်မှုများကိုပါ ရပ်တန့်လိုက်ပြီး ၂၀၁၆ ခုနှစ်တွင်မှ ရုရှားနှင့်ဂျပန်တို့ဆက်ဆံရေး ပြန်လည်အဆင်ပြေလာခဲ့သည်။

၂၀၁၇ ခုနှစ်အရောက်တွင် ဂျပန်နိုင်ငံဝန်ကြီးချုပ်အာဘေးနှင့် ရုရှားသမ္မတပူတင်တို့ဆက်ဆံရေးအဆင်ပြေလာခဲ့ပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများတွင်သာမက ကျွန်းစုအငြင်းပွားမှုပြဿနာဖြေရှင်းမှုများပါ တိုးတက်လာခဲ့သည်။ ဂျာမနီနိုင်ငံ၌ ကျင်းပခဲ့သည့် G-20 စက်မှုထိပ်သီးညီလာခံ၌ အာဘေးနှင့်ပူတင်တို့ သီးခြားတွေ့ဆုံကာ အငြင်းပွားကျွန်းပေါ်၌ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်နိုင်ရေး ဦးစားပေး ဆွေးနွေးခဲ့ကြသည်။

အစီအစဉ်များအရ နှစ်နိုင်ငံစလုံးပါဝင်သည့် သုတေသနလေ့လာရေးအဖွဲ့များ ထိုကျွန်းပေါ်သို့ သွားရောက်လေ့လာရမည်ဖြစ်သည်။ ၂၀၁၇ ခုနှစ်ထဲတွင် ဒုတိယအကြိမ်အဖြစ် ရုရှား-ဂျပန်လေ့လာရေးအဖွဲ့များ ကူရိကျွန်းပေါ်သို့ လေ့လာရေးသွားရောက်ပြီး စက်တင်ဘာလထဲတွင်လည်း ပူတင်နှင့်အာဘေးတို့ ထပ်မံတွေ့ဆုံရန်ရှိနေသည်။

၂၀၁၇ ခုနှစ်သည် တစ်နှစ်တည်းတွင် ကျွန်းဆွယ်အငြင်းပွားမှုကို နှစ်ကြိမ်၊ သုံးကြိမ် တွေ့ဆုံဖြေရှင်းရန်ဖြစ်လာသည့် ပထမဆုံးနှစ်ဖြစ်သည်။ ပိုင်နက်အငြင်းပွားနေသည့်အတွက် ထိုနေရာများသည် တန်ဖိုးရှိသလောက် သုံးစားမရဖြစ်နေသည်။ အကယ်၍ နှစ်ဖက်အာဏာပိုင်များ သဘောတူညီချက်တစ်စုံတစ်ရာသာရခဲ့ပါက စီးပွားရေးအရ နှစ်ဖက်စလုံးအမြတ်ထွက်မည့် တန်ဖိုးရှိသည့်နေရာဖြစ်သည်။

ထိုကျွန်းဆွယ်များသည် သဘာဝသယံဇာတပေါကြွယ်ဝပြီး ရုရှားကလည်း သူ့ထိန်းချုပ်မှုအောက်တွင်သာ ကျွန်းဆွယ်များကရှိပြီး ဂျပန်ကပါတောင်းဆိုနေသည့်အတွက် သူလုပ်ချင်သည့်အရာများကို စိတ်လွတ်ကိုယ်လွတ်လုပ်မဖြစ်နေသည်။ စစ်ရှုံးစအချိန်က ဂျပန်နှင့် ယခုဂျပန်သာအတူတူဆိုလျှင် ရုရှားတို့ ယင်းနေရာများကို သူတို့စိတ်ကြိုက်ဖန်တီး၍ရသည်။

သို့သော်လည်း ယခု ဂျပန်က ထိုအချိန်တုန်းက ဂျပန်မဟုတ်တော့ပေ။ ကမ္ဘာ့စီးပွားရေးရော စစ်ရေးပါ အင်အားအကြီးမားဆုံး ထဲတွင်ပါဝင်နေပြီဖြစ်သည်။ စီးပွားရေးတွင်ဆိုလျှင် ဂျပန်ကို တစ်ကမ္ဘာလုံးက ထည့်မတွက်၍မဖြစ်တော့ပေ။ ထို့ကြောင့် ရုရှားတို့ ဂျပန်ကို စိတ်ထင်တိုင်းလုပ်၍မရဖြစ်နေခြင်းဖြစ်သည်။ အကောင်းဆုံးနည်းလမ်းက စီးပွားရေးအရ ပူးပေါင်းအဖြေရှာရန်ဖြစ်သည်။

ယခုအခြေအနေသည် ရုရှားအတွက် ဂျပန်နှင့်ကျွန်းစုအရေးကို စီးပွားရေးအရ အဖြေရှာရန် အကောင်းဆုံးအချိန်ဖြစ်သည်။ ခရိုင်းမီးယားအရေးကြောင့် ကျဆင်းနေသည့် သူ့စီးပွားရေးကို ဂျပန်နှင့်ပူးပေါင်းနိုင်သည်။ ထိုနေရာက တစ်ထောင့်တစ်နေရာမှ ပံ့ပိုးပေးနိုင်သည်။ ထို့ပြင် ဆယ်စုနှစ်နှင့်ချီ တင်းမာနေသည့် စစ်ရေးကိုလည်း ဖြေရှင်းပြီးသားဖြစ်၊ ဂျပန်တို့ဆီကလည်း နောက်ထပ်စီးပွားရေးအခွင့်အလမ်းများ ထပ်လာနိုင်ခြေရှိနေပြန်သည်။

ထို့ကြောင့် ပူတင်၏ဆုံးဖြတ်ချက်က အချိန်အခါနှင့်တိုက်ဆိုင်စွာ မှန်ကန်သည်ဟုပင်ဆိုနိုင်သည်။ ဂျပန်ကလည်း ရုရှားနှင့် ကျွန်းဆွယ်အရေးကို အဆင်ပြေချင်နေသည်။ စီးပွားရေးကိုဝန်းပြကာ ရုရှားကြီးကိုင်နေသည့် နောက်ကွယ်က မြောက်ကိုရီးယားကို ဖိအားပေးချင်နေသည်။ မြောက်ကိုရီးယားက သူ့အတွက်နံပါတ် (၁) ရန်သူတော်ကြီးဖြစ်နေသောကြောင့်ဖြစ်သည်။

ရုရှားနှင့်အဆင်ပြေလျှင် ရုရှားမှတစ်ဆင့် မြောက်ကိုရီးယားကို ဖိအားပေးနိုင်ကာ သူ့အတွက် တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်သည့် အစီအစဉ်ဖြစ်သည်။ ထို့ကြောင့် ဂျပန်ကလည်း ရုရှားကို အလျှော့ပေးပေါင်းနေရသကဲ့သို့ ရုရှားအတွက်ကလည်း ဂျပန်က စီးပွားရေးအရ အရေးပါနေသောကြောင့် အငြင်းပွားကျွန်းဆွယ်အရေးသည် အဆင်ပြေရန် ပိုမိုနီးစပ်လာနေပြီဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**မှိုန်းထက်**
**Ref;Kyodo**

## စတုတ္ထအကြိမ်မြောက် ဆောက်လုပ်ရေးဆိုင်ရာ သီးသန့်ပြပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၃

စတုတ္ထအကြိမ်မြောက် ဆောက်လုပ်ရေးဆိုင်ရာ သီးသန့်ပြပွဲနှင့် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းကြီး ( မန္တလေး) ၏ အသင်းသားစုံညီနှစ်ပတ်လည်အစည်းအဝေးကို မန္တလေးမြို့ မြို့တော်ခန်းမ၌ ဩဂုတ် ၅ ရက်မှ ၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း C&D Group of Co,.Ltd. မန်နေးဂျင်းဒါရိုက်တာ ကိုကျော်မင်းထက်ထံမှ သိရသည်။

အဆိုပါပြပွဲကို C&D Group of Co,. Ltd. ကကြီးမှူးကျင်းပမည်ဖြစ်ပြီး ပြပွဲတွင် ဆောက်လုပ်ရေးနှင့် ဆက်စပ်ပစ္စည်းများ၊ အိမ်တွင်း၊ အိမ်ပြင် အလှဆင်ခြင်းဆိုင်ရာပစ္စည်းများ၊ အဆင့်မြင့်ကွန်ဒိုတိုက်ကြီးများနှင့် အိမ်ရာစီမံကိန်းများ၊ လျှပ်စစ်သွယ်တန်းခြင်းနှင့် ဆက်စပ်ပစ္စည်းများ၊ မီးစက်ကြီးများနှင့် ယာဉ်ယန္တရားကြီးများ စသည့်တည်ဆောက်ရေးနယ်ပယ်အသီးသီးတွင် အသုံးပြုသည့် ဆောက်လုပ်ရေးပစ္စည်းများကို တစ်နေရာတည်း၌ စုစည်းပြသပေးမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဩဂုတ် ၇ ရက်တွင် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းကြီး (မန္တလေး)၏ အသင်းသားစုံညီနှစ်ပတ်လည်အစည်းအဝေးကို ထည့်သွင်းကျင်းပမည်ဖြစ်ရာ အသင်းဝင်ပေါင်း ၄၀၀၀ ခန့် တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**နေနေ**

## မြန်မာနိုင်ငံမှ မြေပဲဆီကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရေး စိုက်ပျိုးဧကတိုးချဲ့ရန်စီစဉ်

ရန်ကုန် ဇူလိုင် ၁၃

ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်သည့် မြေပဲဆီကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရေး မြေပဲစိုက်ဧကတိုးချဲ့ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံဆီစက်လုပ်ငန်းရှင်များအသင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

အဆိုပါမြေပဲဆီများကို အရည်အသွေးပြည့်မီစွာထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရန် ကြိုးပမ်းလုပ်ဆောင်နေပြီး ဩဂုတ်နှင့် စက်တင်ဘာလအတွင်း မြေပဲစိုက်ဧက ၂၃၂ ဒသမ ၅ ဧက ထပ်မံတိုးချဲ့စိုက်ပျိုးမည်ဖြစ်ကြောင်း၊ လက်ရှိတွင် မြေပဲမျိုးကောင်းမျိုးသန့်နှင့် နည်းပညာ၊ စက်ယန္တရား၊ သွင်းအားစုများမှအစ ကုန်ကြမ်းများကောင်းမွန်စေရန် လုပ်ဆောင်နေကြောင်း၊ အဓိကအားဖြင့် ဂျပန်နိုင်ငံသို့ တင်ပို့နိုင်ရန် စီစဉ်နေပြီး တင်ပို့ရောင်းချနိုင်ရန် မျိုးမြေပဲ ၄၄ ဒသမ ၉၅ ဧကကို မြင်းခြံမြို့၌ စတင်စိုက်ပျိုးနေပြီဖြစ်ကြောင်း သိရသည်။

ပြည်တွင်း၌ ဆီစက် ၃၀၀၀ ကျော်ရှိသော်လည်း ထွက်ရှိလာသောဆီများမှာ ဈေးကွက်အတွင်းသို့ ၁၀ ရာခိုင်နှုန်းခန့်သာရောက်ရှိပြီး ပြည်တွင်း၌ လိုအပ်သော ကျန် ၉၀ ရာခိုင်နှုန်းကို ပြည်ပမှ တင်သွင်းနေရကြောင်း၊ ရောနှောဆီများသည် ဈေးကွက်အတွင်း ၈၀ ရာခိုင်နှုန်းခန့်ရှိနေကြောင်း သိရသည်။

မြေပဲများကို တရုတ်(တိုင်ပေ)နည်းပညာဖြင့် စိုက်ပျိုးမည်ဖြစ်ပြီး တစ်ဧကလျှင် တင်း ၈၀ မှ တင်း ၁၂၀ ကြားထွက်ရှိရန် ခန့်မှန်းထားကြောင်း၊ ပြည်ပသို့ ဆီတင်ပို့ရာတွင် အာမခံအရည်အသွေးရရှိရန် စိုက်ပျိုးချိန်မှ စတင်၍ ထုတ်လုပ်မှုနှင့် ထုပ်ပိုးမှုများအထိ ထိန်းသိမ်းနိုင်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း ဆီအရည်အသွေးပိုင်းနှင့် ပတ်သက်၍ ဒေသအတွင်း သတ်မှတ်ထားသော စံနှုန်းတစ်ခုမရှိသေးသည့်အတွက် ဆီရောင်းချမှုများတွင် မသမာမှုများရှိနေကြောင်း၊ ယင်းတို့ကိုလည်း ဖြေရှင်းနိုင်ရန် လုပ်ဆောင်ရမည်ဖြစ်ပြီး မြေပဲဆီကို ပြည်ပနိုင်ငံများသို့ ၂၀၂၀ ပြည့်နှစ်တွင် တင်ပို့နိုင်မည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

**စိုးမိုး**

# ပွင့်လင်းမြင်သာပြုပြင်စရာ — မှန်မှန်ကန်ကန်ရပ်တည်မည် လူထုကြားကမြဝတီ

## မုန်တိုင်းကြောင့်ပျက်စီးသွားသော ကျောင်းဆောင်ပြုပြင်ပေးရန် ဒေသခံများလိုလား



ကျောက်တော် ဇူလိုင် ၁၃

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ပြိုင်းတိုင်းကျေးရွာ၌ မိုရာမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသည့် အခြေခံပညာအလယ်တန်းကျောင်းခွဲရှိ ကျောင်းဆောင်ကို ပြုပြင်ပေးရန် ဒေသခံများလိုလားလျက်ရှိသည်။

“ပြိုကျသွားတဲ့ကျောင်းမှာ ကျောင်းသားအားလုံးတက်လို့မရဘူး။ အားလုံးပျက်စီးသွားတယ်။ အခုလက်ရှိမှာတော့ ကျောင်းသား၊ ကျောင်းသူတွေက နောက်ကျောင်းဆောင်တစ်ခုမှာ တက်နေရတယ်။ အဲဒီကျောင်းဆောင်မှာတော့ အခန်းသုံးခန်းရှိတယ်။ မူလတန်းတွေက နံနက်ပိုင်းတက်ရပြီးတော့ အလယ်တန်းတွေကျတော့ မွန်းလွဲပိုင်းမှာတက်ရတယ်။ အဲဒီကျောင်းဆောင်ပျက်စီးသွားလို့ အနီးအနားမှာရှိတဲ့ ရွာလေးရွာက ကျောင်းသား၊ ကျောင်းသူ ၃၀ လောက် အခြားကျောင်းကို ပြောင်းသွားကြတယ်။ ပျက်စီးသွားတဲ့ ကျောင်းဆောင်ကို ပြန်လည်ပြုပြင်ပေးစေလိုပါတယ်”ဟု ဒေသခံတစ်ဦးက ပြောသည်။

ပြိုင်းတိုင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားသော ကျောင်းဆောင်နှစ်ဆောင်ရှိပြီး အလျားပေ ၉၀၊ အနံ ပေ ၃၀၊ သွပ်မိုး၊ဝါးထရံရှိသည့် ကျောင်းဆောင်တစ်ဆောင်မှာ မေလအတွင်းကတိုက်ခတ်ခဲ့သော မိုရာမုန်တိုင်းကြောင့်ပျက်စီးသွားခဲ့၍ ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်ရာတွင် အဆင်ပြေစေရန်အတွက် အမြန်ဆုံးပြန်လည်ပြုပြင်ပေးရန်လိုလားလျက်ရှိကြောင်း သိရသည်။

(၄၀၈)

## ငွေကျပ် ၂၀၇ သိန်းကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့နယ်၏တောင်ဘက် ၁၂ မိုင်ခန့်အကွာရှိ နန့်အွန်ကျေးရွာအုပ်စု နမ့်ပေါ်တံတားအနီး၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က မော်တော်ယာဉ်များအား ရှောင်တခင်စစ်ဆေးခြင်းဆောင်ရွက်စဉ် ယနေ့ မွန်းလွဲ ၁ နာရီခွဲခန့်တွင် ကွတ်ခိုင်ဘက်မှ မူဆယ်ဘက်သို့ မောင်းနှင်လာသည့် ကျိုန်ကွမ်းချိန်(ဘ) ဦးကျိန်ကျားယုံ မောင်းနှင်ပြီး ဝမ်ရှီဝေ့(ဘ) ဦးဝမ်ချန်ကျိုးလိုက်ပါလာသည့် မတ်တူးအမျိုးအစား ယာဉ်အမှတ်၊ 7H/---- အား စစ်ဆေးရာ ယာဉ်နောက်ခန်းထိုင်ခုံကြားအံဝှက်အတွင်းမှ တိပ်အကြည်ဖြင့်ပတ်ထားသည့် အထုပ်သုံးထုပ်အတွင်းမှ 88/1 စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၃၈၆၀ ပြား(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၇ သိန်းကျော်)နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူများကိုတွေ့ရစဉ်။



သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကိုတွေ့ရစဉ်။

အဆိုပါမူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူအား တရားဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်နိုင်ရန် မူဆယ်မြို့မရဲစခန်းသို့ စနစ်တကျလွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ပွင့်လင်းမြင်သာပြုပြင်စရာ မြဝတီကိုပို့လိုက်ပါ

မြဝတီသတင်းစာသည် ပြည်သူလူထုကောင်းကျိုးအတွက် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ပြုပြင်စေလိုသည့်ကိစ္စရပ်များအား ပေါင်းကူးသဖွယ်အကျိုးဆောင်ပေးနေပါသည်။ နေရာဒေသအသီးသီးမှ တိုင်းရင်းသားပြည်သူအချင်းချင်း သတင်းမျှဝေရေးကိုလည်း အလေးအနက်ဖြန့်ဝေပေးနေပါသည်။

ထို့ကြောင့် နေရာဒေသအသီးသီးရှိ တိုင်းရင်းသားပြည်သူများအနေဖြင့် မိမိတို့ကြုံတွေ့နေရသောအခြေအနေမှန်များမှ ပြုပြင်စေလိုသောကိစ္စရပ်များ၊ အမြင်မတော်သည့်ဖြစ်ရပ်များအား မြဝတီသတင်းစာတိုက်သို့ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ မှတ်တမ်းဓာတ်ပုံများရှိပါက ထည့်သွင်းပေးပို့နိုင်ပါသည်။

“ပွင့်လင်းမြင်သာပြုပြင်စရာများ” ရေးသားပေးပို့ပါက ပေးပို့သူအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် စိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်တယ်လီဖုန်းအမှတ်(ရှိလျှင်)တို့ ပြည့်စုံစွာပေးပို့ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

(အယ်ဒီတာ)

ပေးပို့ရန်လိပ်စာ

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း- ၀၃၁-၇၃၉၉၈၊ ဖက်(စ်) ၀၃၁-၇၃၉၉၉
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅) တပ်မြေ၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ် ဖုန်း- ၀၁-၄၀၀၆၉၇၊ ဖက်(စ်) ၀၁-၇၄၀၂၀၊ ၀၁-၃၉၇၃၃၁
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄ လမ်း၊ ၂၉ × ၃၀ လမ်းကြား၊ ဖုန်း-၀၂-၆၆၆၅၁၊ ၀၉-၄၀၀၄၁၄၂၁၆
- Online ဖြင့်လည်း E-mail:mwdpress@hotmail.co.uk သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။

## မှုခင်းသတင်း — မောင်တောမြို့နယ်၌ ဓားကိုယ်စီကိုင်ဆောင်ထားသည့် မသင်္ကာသူနှစ်ဦးဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၁၃

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ယမန်နေ့ ညပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဓားကိုယ်စီကိုင်ဆောင်ထားသည့် မသင်္ကာသူနှစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ မောင်တောမြို့နယ် နယ်မြေ(၆)တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လှည့်ကင်းဆောင်ရွက်စဉ် ယမန်နေ့ ည ၈ နာရီ မိနစ် ၂၀ ခန့်က ရွှေဇား အလယ်ရွာ လမ်းမပေါ်၌ အရိုးအသွား ၁၇ လက်မအရွယ်အစားရှိသော ဓားဦးချွန်ကိုင်ဆောင်ထားသည့် အဲလ်ဖမ်နှင့်အရိုးအသွား ၇ လက်မခွဲအရွယ်အစားရှိသော ဓားဦးချွန်ခေါက်ဓားကိုင်ဆောင်ထားသည့် အဲလ်ကရမ်တို့ကို ဖမ်းဆီးရမိခဲ့ပြီး ပြင်ဖြူနယ်မြေရဲစခန်းသို့ ခေါ်ဆောင်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဘူးသီးတောင်မြို့နယ်၌ လူသတ်တရားခံသုံးဦးဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၁၃

ဘူးသီးတောင်မြို့နယ် ယင်းမကျောင်းတောင်ရွာထိပ်၌ ဇူလိုင် ၃ ရက်က မာမောက်ရွာသား နှစ်ဦးအား အမည်မသိ လူ ၁၀ ဦးခန့်က ဓားဖြင့်ထိုးသတ်ခဲ့သည့်ဖြစ်စဉ်တွင် ပါဝင်ခဲ့သူသုံးဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇူလိုင် ၉ ရက်နှင့် ၁၁ ရက်တို့တွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၃ ရက်က ဖြစ်ပွားခဲ့သည့် လူသတ်မှုဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးခဲ့ရာ ယင်းဖြစ်စဉ်တွင် ပါဝင်သတ်ဖြတ်ခဲ့သူများဖြစ်ကြသည့် ယင်းမချောင်းတောင်(တောင်ပိုင်း)ရွာနေ ဆွေယော့ဒူရာမာန်နှင့် ဟာရုန်းတို့နှစ်ဦးအား ဇူလိုင် ၉ ရက် ညနေပိုင်းတွင်လည်းကောင်း၊ ယင်းမချောင်းတောင်(တောင်ပိုင်း)ရွာနေ အဒူရော်ဇော်အား ဇူလိုင် ၁၁ ရက် ညနေပိုင်းတွင်လည်းကောင်း ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဖမ်းဆီးရမိတရားခံများအား တောင်ဘဇာနယ်မြေရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိပြီး ကျန်ရှိသောတရားခံများကို ဆက်လက်ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

# CHDB ဘဏ်တွင် တိုက်ခန်းတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းစုဆောင်းထားရုံဖြင့် တန်ဖိုးနည်းအိမ်ရာစီမံကိန်းမှ တိုက်ခန်းများကို ဝယ်ယူနိုင်

**ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တန်ဖိုးနည်းအိမ်ရာစီမံကိန်းများရောင်းချပေးနေမှုနှင့်ပတ်သက်၍ အများပြည်သူသိရှိစေရန် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြင့်ဦးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များ ဖော်ပြလိုက်ရပါသည်-**



မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြင့်ဦး

**မေး ။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ရောင်းချမယ့် တန်ဖိုးနည်းအိမ်ရာစီမံကိန်းအကြောင်း ရှင်းပြပေးပါ။**

ဖြေ ။ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နဲ့ နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်တို့မှာ တည်ဆောက်ပြီးစီးခဲ့တဲ့ တန်ဖိုးနည်းတိုက်ခန်းတွေကို ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်(CHDB)နဲ့ ချိတ်ဆက်ပြီး ရောင်းချပေးမှာဖြစ်ပါတယ်။ တိုက်ခန်းတန်ဖိုးရဲ့ ၃၀ ရာခိုင်နှုန်းကို ငွေစုထားရမယ်။ ကျန်တဲ့ ၇၀ ရာခိုင်နှုန်းကို ဘဏ်က ချေးငွေစိုက်ထုတ်ပေးပြီး ဝယ်ယူသူက အရစ်ကျပြန်လည်ပေးသွင်းရမယ့်စနစ်ဖြစ်ပါတယ်။

**မေး ။ ရန်ကုန်မြို့မှာရောင်းချသွားမယ့် တန်ဖိုးနည်းအိမ်ရာစီမံကိန်းတွေကိုလည်း သိပါရစေ။**

ဖြေ ။ ရန်ကုန်မြို့မှာ အိမ်ရာစီမံကိန်း ငါးခုကိုရောင်းချသွားမှာပါ။ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ယုဇနတန်ဖိုးနည်းအိမ်ရာ အပိုင်း(၁)မှာ ၆ ခန်းတွဲ ၄ ထပ် ငါးလုံးနဲ့ ၈ ခန်းတွဲ ၄ ထပ် ခုနစ်လုံး အခန်းပေါင်း ၃၄၄ ခန်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ယုဇနတန်ဖိုးနည်းအိမ်ရာ အပိုင်း(၂)မှာ ၆ ခန်းတွဲ ၄ ထပ် ကိုးလုံးနဲ့ ၈ ခန်းတွဲ ၄ ထပ် တစ်လုံး စုစုပေါင်း ၂၄၈ ခန်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ကနောင်အိမ်ရာစီမံကိန်းမှာ ၈ ခန်းတွဲ ၄ ထပ် လေးလုံးနဲ့ ၆ ခန်းတွဲ ၄ ထပ် ကိုးလုံး စုစုပေါင်း ၃၄၄ ခန်း၊ လှိုင်သာယာမြို့နယ် ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာစီမံကိန်းအပိုင်း(၂)မှာ ၈ ခန်းတွဲ ၄ ထပ် ၁၆ လုံး စုစုပေါင်း ၅၁၂ ခန်းနဲ့ လှိုင်သာယာမြို့နယ် ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာစီမံကိန်းအပိုင်း(၃)မှာ ၈ ခန်းတွဲ ၄ ထပ် ခြောက်လုံး၊ ၆ ခန်းတွဲ ၄ ထပ် ကိုးလုံး စုစုပေါင်း ၄၀၈ ခန်းတို့ကိုရောင်းချသွားမှာပါ။

**မေး ။ နေပြည်တော်ကောင်စီနယ်မြေမှာရော တန်ဖိုးနည်းအိမ်ရာစီမံကိန်းရောင်းချဖို့ရှိပါသလား။**

ဖြေ ။ ဟုတ်ကဲ့ရှိပါတယ်။ နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ရွှေနံ့သာတန်ဖိုးမျှတစီမံကိန်းမှာ ၈ ခန်းတွဲ ၅ ထပ် နှစ်လုံး အခန်း ၈၀ ကို ရောင်းချသွားမှာပါ။ တန်ဖိုးနည်းအိမ်ရာစီမံကိန်းဆိုတော့ တိုက်ခန်းတန်ဖိုးက ငွေကျပ် သိန်း ၁၀၀ မှ ၁၃၅ သိန်းထိတန်ဖိုးရှိပါတယ်။ အခုဆောက်လုပ်ပြီးသွားတဲ့ ရွှေနံ့သာတန်ဖိုးမျှတတိုက်ခန်းဖွင့်ပွဲကို ဇူလိုင် ၁၅ ရက်မှာ ကျင်းပသွားမှာဖြစ်ပါတယ်။

**မေး ။ တန်ဖိုးနည်းအိမ်ရာစီမံကိန်းတွေ ဝယ်ယူချင်သူအနေနဲ့ လုပ်ဆောင်ရမယ့်အပိုင်းနဲ့ပတ်သက်ပြီး ပြောပြပေးပါ။**

ဖြေ ။ ကျွန်တော်တို့ဌာနကနေ ဇူလိုင် ၁၀ ရက်မှ ၂၂ ရက်အထိ လျှောက်လွှာရောင်းချပေးနေပါတယ်။ လျှောက်လွှာဝယ်ယူပြီးရင် ကိုယ်လိုချင်တဲ့ အိမ်ရာစီမံကိန်းတွေကို ရွေးချယ်ပြီး လျှောက်လွှာကို ဇူလိုင် ၂၂ ရက် နောက်ဆုံးထားပြီး ပြန်တင်ရမှာပါ။ ကျွန်တော်တို့က ဝယ်ယူလိုသူကို အချက်အလက်မှန်ကန်မှု ရှိ မရှိ စိစစ်ရွေးချယ်ပြီး ပြန်အကြောင်းကြားမှာဖြစ်ပါတယ်။ ဝယ်ယူခွင့်ရှိသူတွေက သက်ဆိုင်ရာအိမ်ရာစီမံကိန်းအလိုက် မဲနှိုက်ရွေးချယ်ဝယ်ယူရမှာပါ။ မဲနှိုက်ရွေးချယ်လိုက်တဲ့အခန်းကို မကြိုက်တာမျိုးဆိုလည်း ငြင်းပယ်ခွင့်ရှိပါတယ်။ နောက်စီမံကိန်းအသစ်တွေကို စောင့်မယ်ဆိုလည်းရပါတယ်။

**မေး ။ လျှောက်လွှာဝယ်ယူချင်သူတွေအနေနဲ့ ဘယ်လိုအချက်အလက်တွေပြည့်စုံဖို့ လိုအပ်ပါသလဲ။**

ဖြေ ။ တန်ဖိုးနည်းတိုက်ခန်းများကို ဝယ်ချင်သူတွေက ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်(CHDB)မှာ တိုက်ခန်းတန်ဖိုးရဲ့ ၃၀ ရာခိုင်နှုန်းအထိ ငွေစုဆောင်းထားရှိပြီးသူ၊ ဘဏ်ချေးငွေရယူနိုင်ရန်အတွက် လစဉ်ပေးဆပ်နိုင်စွမ်းရှိတဲ့ ပုံမှန်ဝင်ငွေရှိသူတွေကိုသာ ရောင်းချသွားမှာဖြစ်ပါတယ်။ သတ်မှတ်ချက်နှင့် ကိုက်ညီသူစာရင်းကိုလည်း (CHDB) ဘဏ်ရုံးများမှာ ထုတ်ပြန်ထားရှိပြီးဖြစ်ပါတယ်။ လျှောက်လွှာကို အစိုးရဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်း၊ အငြိမ်းစားဝန်ထမ်း၊ အများပြည်သူဆိုပြီး လျှောက်လွှာပုံစံ ခွဲခြားထားပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ ငွေစုထားသူ စုစုပေါင်း ၃၀၃၉ ဦးရှိတယ်။ နေပြည်တော်ဘဏ်မှာ အိမ်ရာစုဆောင်းငွေစာရင်းဖွင့်ထားတဲ့သူ ၇၆ ဦးရှိပါတယ်။ အဲဒီလူတွေကိုပဲ ရောင်းပေးမှာဖြစ်ပါတယ်။ အဲဒီလူတွေထဲကမှ သူတို့လိုချင်တဲ့နေရာကို ဝယ်နိုင်အောင် လျှောက်လွှာတင်ခိုင်းတဲ့သဘောပါပဲ။

**မေး ။ အိမ်ရာစီမံကိန်း ခြောက်ခုလုံးမှာ ရေ မီးအပြည့်အစုံနဲ့ အသင့်နေထိုင်နိုင်ပြီလား။**

ဖြေ ။ ဟုတ်ကဲ့။ အိမ်ရာစီမံကိန်းအချို့က ရေ မီး ပြည့်စုံသလို အချို့ကလုပ်နေဆဲပါ။ ကျွန်တော်တို့အနေနဲ့ တိုက်ခန်းဝယ်ယူလိုသူတွေ လျှောက်လွှာလာဝယ်ကတည်းက ရေ မီးရနိုင်မယ့်အချိန်တွေ(ဥပမာအားဖြင့် အချို့တိုက်ခန်းတွေက အသင့်နေနိုင်သလို အချို့ကတော့ ၈ လပိုင်း၊ ၁၁ လပိုင်းမှာ ရမှာလည်းရှိတယ်။) စသည်ဖြင့် ကြော်ငြာဘုတ်တွေမှာကပ်ထားပေးပါတယ်။

**မေး ။ လျှောက်လွှာဝယ်ယူနိုင်မယ့်နေရာကိုလည်း သိပါရစေ။**

ဖြေ ။ ရန်ကုန်မြို့မှာဆိုရင် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ (မြေညီထပ်) အမှတ် (၂၂၈/၂၃၄) ဗိုလ်ချုပ်အောင်ဆန်းလမ်း ဗိုလ်တထောင်မြို့နယ်နဲ့ နေပြည်တော်မှာဆိုရင် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ရုံးအမှတ် (၄၀)မှာဝယ်နိုင်ပါတယ်။

**မေး ။ နေပြည်တော်မှာ တန်ဖိုးနည်းတိုက်ခန်းတွေ ထပ်ဆောက်ဖို့ရှိပါသလား။**

ဖြေ ။ နေပြည်တော်မှာ နောက်ထပ်ဆောက်မယ့် စီမံကိန်းတွေလည်းရှိပါတယ်။ အခုထက် ဇရိယာပိုကျယ်မယ်။ နေပြည်တော် ရွှေနံ့သာမှာပဲ တိုက်ခန်း အလုံး ၂၀ ထပ်ဆောက်ဖို့ရှိတယ်။ ရွှေနံ့သာအပြင် ဧက ၁၀၀ မှာ အရောင်းအိမ်ရာတွေ၊ အငှားအိမ်ရာတွေဆောက်ဖို့ရှိပါတယ်။ အငှားအိမ်ရာအိမ်ပုံစံ နှစ်မျိုး၊ အရောင်းအိမ်ရာ အိမ်ပုံစံနှစ်မျိုးနဲ့ Master plan ရေးဆွဲထားတာရှိပါတယ်။ ဘတ်ဂျက်အနေအထားပေါ်တော့ မူတည်တာပေ့ါ။ အရောင်းအိမ်ရာကကျတော့ ဌာနရဲ့ လည်ပတ်ရန်ပုံငွေနဲ့ဆောက်တာဖြစ်ပြီး အငှားအိမ်ရာကျတော့ ဘတ်ဂျက်နဲ့ ဆောက်ရတာပါ။

**မေး ။ အခုလုပ်တဲ့ တန်ဖိုးနည်းအိမ်ရာစီမံကိန်းနဲ့ပတ်သက်ပြီး CHDB က ချေးငွေသက်တမ်းကိုဘယ်လိုသတ်မှတ်ထားပါသလဲ။**

ဖြေ ။ ငွေပေးချေသက်တမ်းက ၁၅ နှစ်ထိ သတ်မှတ်ထားပါတယ်။ အကယ်၍ ၁၀ နှစ်ပဲ ဆပ်ချင်တယ်ဆိုလည်း ဆပ်ခွင့်ပေးတယ်။ ဒါပေမဲ့ ဘဏ်ကနေ တန်ဖိုးတစ်ခုသတ်မှတ်ပြီး ကောက်ခံတာလည်း ရှိကောင်းရှိနိုင်ပါတယ်။ အတိုးနှုန်းက ၁၂ ရာခိုင်နှုန်းဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်နဲ့ ချိတ်ဆက်ပြီး အတိုးနှုန်းကိုလျှော့ပေးနိုင်ဖို့ စီစဉ်နေပါတယ်။ ပြည်သူတွေ အိမ်ဝယ်ရာမှာ ငွေတစ်လုံးတစ်ခဲတည်း မပေးသွင်းနိုင်တဲ့ အခြေအနေမှာ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်ကို တည်ထောင်ပြီးတော့ ငွေစုဆောင်းတဲ့အလေ့အထလည်း ဖြစ်အောင် ငွေကြေးပြဿနာဖြေရှင်းပြီးသားလည်းဖြစ်အောင် ဆောင်ရွက်တာဖြစ်ပါတယ်။ အခုအိမ်ရာစီမံကိန်းတွေကို ၁၀ နှစ်အတွင်း အမည်မပြောင်းလဲရလို့ သတ်မှတ်ချက်ရှိပါတယ်။ အခုလာလျှောက်တဲ့သူတွေက အိမ်ပိုင်မရှိပါဘူးလို့ ဝန်ခံချက်ထားရတယ်။

**မေး ။ အခုလိုတန်ဖိုးနည်းအိမ်ရာစီမံကိန်းတွေ ရောင်းချပေးတဲ့အပေါ် ပြည်သူတွေအတွက် ဘယ်လောက်ထိအကျိုးသက်ရောက်မှုရှိမယ်ထင်ပါသလဲ။ ပြည်သူတွေကို ဘာများဖြည့်စွက်ပြောကြားချင်ပါသလဲ။**

ဖြေ ။ အိုးအိမ်ရဲ့အဓိကမျှော်လင့်ချက်ကလည်း ပြည်သူတွေ အိမ်ရာပြဿနာတွေပြေလည်ဖို့ အိမ်ပိုင်ဆိုင်မှုရှိစေဖို့ ဖြေရှင်းပေးချင်တဲ့ ရည်ရွယ်ချက်နဲ့လုပ်တာပါ။ အိမ်လိုချင်ရင်ငွေစုပါ။ အပြင် အဆောင်မှာငှားနေမယ်ဆိုရင်တောင် သုံးသောင်း၊ လေးသောင်းပေးချေနေရတဲ့အတွက် အခုဆိုတစ်လကို တစ်သိန်းထက်မကျော်တဲ့နှုန်းထားပေးရုံနဲ့ သူတို့လိုအပ်တဲ့အိမ်တွေ ပိုင်ဆိုင်သွားမှာပါ။ ချေးငွေကျေမှ နေခွင့်ရှိတာမဟုတ်ဘူး။ ပိုက်ဆံမကျေသေးလည်း နေခွင့်ရှိတယ်။ နောက်တစ်ခုက အိမ်ငှားနေနေရတဲ့စရိတ်လည်း သက်သာသွားမယ်။ မိသားစုအတွက်လည်း ပြေလည်သွားမှာ ဖြစ်ပါတယ်။ သူတို့အတွက်တော့ အနာဂတ်မှာအဆင်ပြေမယ်လို့ ယူဆပါတယ်။ ။

**အိမ့်ဖြူပိုင်**

# အန္တရာယ်ဖြစ်စေသည့်အစားအစာ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများရောင်းချမှု ရှိ မရှိစစ်ဆေး

ပင်လည်ဘူး ဇူလိုင် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့ပေါ် ရပ်ကွက်အတွင်းရှိ ကုန်စုံဆိုင်များ၊ ဆေးဆိုင်များ၊ အလှကုန်ဆိုင်များ၊ ကျောင်းတွင်းစျေးဆိုင်များ၌ စားသောက်သုံးစွဲရန်မသင့်သည့်ပစ္စည်းများ ရောင်းချမှုရှိ၊ မရှိစစ်ဆေးမှုများကို စားသုံးသူရေးရာဦးစီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနနှင့် ခရိုင်/မြို့နယ်သက်ဆိုင်ရာဌာနတို့ ပူးပေါင်းပြီး ယမန်နေ့က ဆောင်ရွက်သည်။

ထိုသို့ စစ်ဆေးရာတွင် တာဝန်ရှိသူများက ရောင်းချသူများကို ရက်လွန်ပြီး ဆိုးဆေးပါသောပစ္စည်းများ၊ ဓာတုဆေးဝါးပါပြီး တားမြစ်ထားသောပစ္စည်းများ၊ တံဆိပ်မှတ်ပုံတင်ထားခြင်းမရှိသော ပစ္စည်းများကို ရောင်းချခြင်းမပြုကြရန် စစ်ဆေးပြီး အသိပညာပေးစကားများပြောကြားကာ အန္တရာယ်ဖြစ်စေသည့်ပစ္စည်းများကိုလည်း သိမ်းဆည်းဖျက်ဆီးခဲ့သည်။



ထို့နောက် ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် ပင်လည်ဘူးမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူလေးများအား ကျန်းမာရေးနှင့်ပတ်သက်သည့် အသိပညာပေးအကြောင်းကိုလည်း ပရိုဂျက်တာဖြင့် ပြသဟောပြောဆောင်ရွက်ပြီး မြို့ပေါ် မုန့်ဖုတ်လုပ်သည့်လုပ်ငန်းနှင့်ရေသန့်ထုတ်လုပ်သည့်လုပ်ငန်းများကိုလည်း ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**မျိုးလွင်**

# မိတ္ထီလာဘိုးဘွားရိပ်သာ မဂ္ဂဇင်းထုတ်ဝေနိုင်ရေး တွေ့ဆုံဆွေးနွေး

မိတ္ထီလာ ဇူလိုင် ၁၃

မိတ္ထီလာဘိုးဘွားရိပ်သာ မဂ္ဂဇင်းထုတ်ဝေနိုင်ရေး တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ဝန်ဇင်းရပ်ကွက်ရှိ ဘိုးဘွားရိပ်သာ ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မိတ္ထီလာဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသင်းအောင်က မိတ္ထီလာဘိုးဘွားရိပ်သာကို စတင်တည်ထောင်ဖွင့်လှစ်ခဲ့သည်မှာ နှစ်ပေါင်း ၃၇ နှစ်ခန့်ရှိပြီဖြစ်ပြီး ဘိုးဘွားရိပ်သာနှင့်ပတ်သက်၍ စာစောင်ငယ်တစ်ခုသာ ထုတ်ဝေခဲ့ဖူးကြောင်း၊ ယခုအခါ ဘိုးဘွားရိပ်သာအမှတ်တရမဂ္ဂဇင်းကိုထုတ်ဝေလို၍ မြို့နယ်စာရေးဆရာအသင်းမှ တာဝန်ရှိသူများ၊ မြို့နယ်သတင်းထောက်များ၊ ဒေသခံစာရေးဆရာကြီးများကို ခေါ်ယူအကြံဉာဏ်တောင်းခံခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဝါရင့်စာရေးဆရာကြီး (ထီလာ)ဖိုးဘထိန်၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးထွန်းမြတ်၊ စာရေးဆရာ မောင်ညိုပြာနှင့် ဒေသခံမြို့နယ်သတင်းထောက်များက လိုအပ်သည်များကိုအကြံပြုဝိုင်းဝန်းဆွေးနွေးကြသည်။

မိတ္ထီလာဘိုးဘွားရိပ်သာမဂ္ဂဇင်းအတွက် သက်ကြီးဘိုးဘွားများစောင့်ရှောက်ရေးအငွေ့အသက်များပါဝင်သည့် သုတရသဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်းစာမူများကို စက်တင်ဘာ ၃၀ ရက် နောက်ဆုံးထားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ မည်သူမဆိုရေးသားဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

**TOSHIBA**
Leading Innovation >>

**အသက်သာဆုံးဈေးနှုန်းများနဲ့ စတင်လိုက်တဲ့ ပထမခြေလှမ်း**

**e-STUDIO**

Sales / Rental / Lease / Trade-in

ရောင်စုံမိတ္တူအသုံးများသောလုပ်ငန်းများအတွက် ကုန်ကျစရိတ်အသက်သာဆုံး
**e-STUDIO 2000AC/2500AC**



Digital Full Colour MFP System
Std : Duplex, Network
9" Colour LCD Touchpanel
Std : A3 Colour Copy
copy / Print /Colour Scan
USB Memory Print/Scan

ရုံးသုံးလုပ်ငန်းများအတွက် အသင့်တော်ဆုံး
**e-STUDIO 2303AM/2309A**



Digital MFP System
(Black & White)
Std: A3
Copy/ Print /Colour Scan

Warranty -1 Year

After Sales Services အနေဖြင့် (၂)လတစ်ကြိမ် ကျွမ်းကျင်အင်ဂျင်နီယာများမှ ရန်ကုန်မြို့နှင့် နေပြည်တော် သို့ လာရောက်ပုံမှန်စစ်ဆေးပေးမည်ဖြစ်ပါသည်။ အခြားမြို့ကြီးများနှင့် နယ်မြို့များသို့လည်း အဆင်မပြေမှုများရှိပါက အကြောင်းကြားချက်ရရှိသည့် အချိန်မှစ၍ နေ့ချင်းသော်လည်းကောင်း၊ နောက်တစ်ရက်အတွင်းလာရောက်ပြင်ဆင်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

**Authorised Distributor of TOSHIBA OA - Ottimo Power Co., Ltd.**
104/106 Mahabandoola Road, 2nd Floor, Pazundaung Township, Yangon, Myanmar. Tel: +95 9 3245 1111, Fax: +95 1 299436
Mobile: + 95 9 4309 3133 , E-mail: enquiry@mptsolutionspl.com
Nay Pyi Taw Branch: Warehouse No. (U-94), Tharaphi Street, Nay Pyi Taw, Myanmar. Tel: +95 9 7679 54271~3




## Trademark Announcement

CHEE SIANG INDUSTRIAL CO., LTD. of 1F, No. 32, Wu Chuan 7th Rd., Wugu Dist., New Taipei City 248, Taiwan (R.O.C.)
Tel.:+886-2-2299-9518
Email: cheesiang@golden-wheel.com
Fax.: +886-2-2299-9519
Website: http://www.golden-wheel.com
is the Manufacturer and Sole Proprietor of trademark:

Golden Wheel

**(Reg: Nos. IV/7569/2014 & IV/2476/2017)**

For Industrial Sewing Machine; motors for sewing machines; bobbins for sewing machines; button attaching sewing machines; embroidery machines; interlock sewing machines; overlock sewing machines; leather splitting machines; shoe-border stitching machines; smocking sewing machines; leather paring machines; pin-tuck sewing machines; shoe repairing machines; hem sewing machines; sewing machines and component parts thereof, namely, rotary hooks, shuttle hooks, caps, and bobbin cases; bedplates being parts of industrial sewing machines; pedals being parts of sewing machines; thread releasing devices for sewing machine; transmission of sewing machines; lockstitch sewing machines.

Please contact us for any inquiries regarding our products.

Any fraudulent imitation or unauthorized use of the said trademark will be dealt with according to law by our legal representative.

THEIN TUN WIN
By **Ageless IP Attorneys & Consultants**
P.O. Box No. 26, Yangon.
Phone: 372416 Dated: 14th July, 2017

## Trademark Announcement

Shin Nihon Seiyaku Co., Ltd. of 4-7, Otemon 1-chome, Chuo-ku, Fukuoka-shi, Fukuoka 810-0074 Japan
Tel.:…81-92-720-5800
Fax.: 81-92-720-5808
Website: http://corporate.shinnihonseiyaku.co.jp/
is the Manufacturer and Sole Proprietor of trademarks:

PERFECT ONE

**(Reg: Nos. IV/7554/2014 & IV/4878/2017)**

PERFECT ONE

**(Reg: Nos. IV/20473/2014 & IV/4879/2017)**

For Cosmetic products and toiletries products; dietary supplements; pharmaceutical preparations.

Please contact us for any inquiries regarding our products.

Any fraudulent imitation or unauthorized use of the said trademarks will be dealt with according to law by our legal representative.

THEIN TUN WIN
By **Ageless IP Attorneys & Consultants**
P.O. Box No. 26, Yangon.
Phone: 372416 Dated: 14th July, 2017

## Trademark Announcement

Dotec Needle Co., Ltd. of No. 55, Shuidui 1st Rd., Wugu Dist., New Taipei City 248, Taiwan (R.O.C)
Tel.: 886-2-2292-5176
Fax.: 886-2-2292-7063
Email: dotec@ms15.hinet.net
Website: http://www.dotec.com.tw/
is the Manufacturer and Sole Proprietor of trademark:

DOTEC

**(Reg. Nos. IV/8853/2014 & IV/5987/2017)**

For Sewing machine needles; knitting needles; embroidery needles.

Please contact us for any inquiries regarding our products.

Any fraudulent imitation or unauthorized use of the said trademark will be dealt with according to law by our legal representative.

THEIN TUN WIN
By **Ageless IP Attorneys & Consultants**
P.O. Box No. 26, Yangon.
Phone: 372416
Dated: 14th July, 2017

**ပျောက်ဆုံးကြောင်း**

မဖြိုးဖြိုးငွေး(ဘ)ဦးအောင်မြင့် DLA-015523 ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၀၇၃၄၆၇**

**ပျောက်ဆုံးကြောင်း**

မောင်ဘထွန်း(ဘ)ဦးမှုန်တာမက် DLA-015495 ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၀၇၃၄၆၇**

**ပျောက်ဆုံးကြောင်း**

မောင်ကြွယ်စိုးဟန်(ဘ)ဦးသိန်းဟန် ၁၂/မရက(နိုင်)၀၀၀၉၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၀၂၅၅၀၃၈**

**ပျောက်ဆုံးကြောင်း**

ဒေါ်စန္ဒာဦး(ဘ)ဆူလေမန် ၃/ဘအန(နိုင်)၁၈၈၂၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၄၀၆၄၄၂၆**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး**

# အာသံပြည်နယ်၌ ရေကြီးမှုအခြေအနေများဆိုးဝါးလျက်ရှိ၊ သေဆုံးသူ ၄၄ ဦးအထိမြင့်တက်



**ဂွာဝါဟာတီ ဇူလိုင် ၁၃**

အိန္ဒိယနိုင်ငံ အာသံပြည်နယ်၌ ရေကြီးမှုအခြေအနေများမှာ ပိုမိုဆိုးရွားလျက်ရှိပြီး သေဆုံးသူ ၄၄ ဦးအထိမြင့်တက်ကာ ခရိုင် ၂၄ ခုရှိ ဒေသခံ ၁၇ သိန်းခန့်မှာ ရေကြီးမှုဒဏ်ကိုခံစားနေရကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဆာဘာနန်ဒါဆိုနိုဝယ်က ဇူလိုင် ၁၂ ရက်တွင် ပြောသည်။

ရေကြီးမှုဖြစ်ပွားနေသော ဒေသများတွင် ဘစ်ဝါနပ်၊ ဆိုနစ်ပါ၊ ကာဘီအန်လောင်း၊ ဂိုလာဂျက်နှင့်နာဂါဝမ် ခရိုင်တို့ပါဝင်ပြီး ပြည်နယ်အစိုးရအနေဖြင့် ရေကြီးမှုဒဏ်ခံစားနေရသော ဒေသခံများသို့ ထောက်ပံ့မှုများတိုးမြှင့်ရန် အသင့်ရှိကြောင်း ဆိုနာဝယ်ကပြောသည်။

ထို့ပြင် ဂိုလာဂတ်ခရိုင်ရှိ ဒေသခံများကို တာဝန်ရှိသူများက ဘေးကင်းရာနေရာများသို့ ပို့ဆောင်ပေးထားကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ကြီးမားသောဗြဟ္မပုတ္တရမြစ်နှင့် မြစ်လက်တက်များတွင် မြစ်ရေလျှံမှုများဖြစ်ပွားရာ ကျေးရွာပေါင်း ၂၅၀၀ ခန့်မှာ ရေလွှမ်းမိုးမှုဒဏ်ကိုခံနေရသည့်အပြင် စိုက်ပျိုးမြေ ဟက်တာတစ်သိန်းကျော်မှာလည်း ပျက်စီးကာ အခြေခံအဆောက်အဦများဖြစ်သည့် လမ်းများ၊ တံတားများနှင့်အဆောက်အအုံများမှာ ရေတိုက်စားမှုကြောင့် ပျက်စီးသွားသည့်အတွက် လမ်းပန်းဆက်သွယ်ရေးခက်ခဲလျက်ရှိကြောင်း အာသံပြည်နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့က ပြောသည်။

ကမ္ဘာ့အမွေအနှစ် သမိုင်းဝင်နေရာဖြစ်သည့် ကာဇီရန်ဂါ အမျိုးသားဥယျာဉ်ဧရိယာ ၇၅ ရာခိုင်နှုန်းသည်လည်း ရေလွှမ်းမိုးမှုကို ခံနေရပြီး သားရဲတိရစ္ဆာန်များမှာ ရေနစ်သေဆုံးလျက်ရှိကြောင်း သိရသည်။

***Ref: Zee News***

# တူရကီနိုင်ငံရှိ ခဲယမ်းဂိုဒေါင်၌ မီးလောင်မှုဖြစ်ပွား၊ တပ်ဖွဲ့ဝင် ၁၀ ဦးဒဏ်ရာရ

**အန်ကာရာ ဇူလိုင် ၁၃**

ဆီးရီးယားနိုင်ငံနှင့်နယ်စပ်အနီး တူရကီနိုင်ငံကီလစ်ပြည်နယ်ရှိ ခဲယမ်းဂိုဒေါင်၌ ဇူလိုင် ၁၃ ရက်တွင် မီးလောင်မှုဖြစ်ပွားရာ အနည်းဆုံး တူရကီတပ်ဖွဲ့ဝင် ၁၀ ဦးဒဏ်ရာရရှိကြောင်း ဒေသတွင်းသတင်းဌာနက ထုတ်ပြန်သည်။

ကနဦးတွင် မီးလောင်ပြီးနောက်ဖြစ်ပွားသောပေါက်ကွဲမှုများကြောင့် မီးသတ်တပ်ဖွဲ့ဝင်များမှာ မီးတောက်များကို ငြိမ်းသတ်ရာတွင် အခက်အခဲဖြစ်ပွားခဲ့ကြောင်း Daily Sabah သတင်းစာက ဖော်ပြထားသည်။

အခင်းဖြစ်ပွားရာနေရာ၌ လူနာတင်ယာဉ်များရှာဖွေရေးနှင့်ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ ရောက်ရှိလျက်ရှိပြီး မီးလောင်မှုနှင့်ပတ်သက်၍ တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

ရုရှားနှင့်တူရကီအစိုးရတို့သည် အီရန်နိုင်ငံနှင့်အတူ ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလနှောင်းပိုင်းတွင် စတင်အသက်ဝင်သော ဆီးရီးယားအပစ်အခတ်ရပ်စဲရေးအတွက် အာမခံသူများဖြစ်ကြပြီး ဆီးရီးယား၌ အမျိုးသားပြန်လည်ပေါင်းစည်းရေးအတွက် ကြိုးပမ်းသည့်အနေဖြင့် အက်စတာနာငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်လည်း ပါဝင်လျက်ရှိကြောင်း သိရသည်။

***Ref: Sputnik***

# ကိုယ်ခံအားစနစ်တွင် ဦးနှောက်ကဲ့သို့လုပ်ဆောင်မှုကိုတွေ့ရှိ



**ကန်ဘာရာ ဇူလိုင် ၁၃**

ဩစတြေးလျအမျိုးသားတက္ကသိုလ်(ANU)မှသုတေသနပညာရှင်များသည် ကိုယ်ခံအားစနစ်တွင် ဦးနှောက်ကဲ့သို့လုပ်ဆောင်မှုကို ရှာဖွေတွေ့ရှိပြီး ယင်းတွေ့ရှိမှုသည် ပဋိပစ္စည်းကြောင့်ဖြစ်ပွားသည့်ရောဂါများကို ပိုမိုကောင်းမွန်စွာကုသနိုင်ကြောင်း သိရသည်။

ကိုယ်ခံအားဆဲများတွင် ဒိုပါမင်းကဲ့သို့ ဓာတုဖြပ်ပေါင်းများပါဝင်သည်ကို ပထမဆုံးအကြိမ်အတည်ပြုနိုင်ခြင်းဖြစ်ပြီး အဆိုပါဖြပ်ပေါင်းသည် ယခင်က ဦးနှောက်တွင်သာပါရှိသည်ဟုယူဆထားကြောင်း သုတေသနပညာရှင်များကပြောသည်။

အဆိုပါရှာဖွေတွေ့ရှိမှုသည် သွေးဖြူကင်ဆာရောဂါနှင့် ကိုယ်ခံအားကျဆင်းမှုရောဂါများအပါအဝင် ပဋိပစ္စည်းများကြောင့်ဖြစ်ပွားသည့်ရောဂါများကို ပိုမိုကောင်းမွန်စွာကုသနိုင်စေမည်ဖြစ်ကြောင်း ANU မှ သုတေသနခေါင်းဆောင် အိုင်လန်နီ အာပါပါက ပြောသည်။

ၾင်းဖြပ်ပေါင်းများသည် ဦးနှောက်ရှိ ဈေးနှုန်းများတွင်သာတည်ရှိသည်ဟု ယခင်က ထင်မြင်ယူဆခဲ့ကြောင်း၊ ယင်းဖြပ်ပေါင်းများသည် သက်ဆိုင်သည့်ရောဂါအပေါ် မူတည်ပြီး ကိုယ်ခံအားတုံ့ပြန်မှုကိုလျင်မြန်စေရန် ရောဂါကုထုံးများအတွက် အကောင်းဆုံးအရာတစ်ခု ဖြစ်နိုင်ခြေရှိကြောင်း ပါပါကထုတ်ပြန်ချက်တစ်ရပ်တွင်ပြောသည်။

အဆိုပါအဖွဲ့သည် မကြာသေးမီက အာသီးများထုတ်ခဲ့သောကလေးငယ်များထံမှ တစ်သျှူးနမူနာ ၂၀၀ ကျော်ကို စာရင်းပြုစုကာ အာရုံကြောတုံ့ပြန်မှုမှတစ်ဆင့် T ဆဲနှင့် B ဆဲမှ ဒိုပါမင်းကူးပြောင်းမှုကို လေ့လာဆန်းစစ်ခဲ့ကြောင်းသိရသည်။

***Ref: Xinhua***

## သတင်းတိုများ

# ပါကစ္စတန်၌ မုတ်သုံမိုးရွာသွန်း၊ လူခုနစ်ဦးသေဆုံး

**အစ္စလာမ်မာဘတ် ဇူလိုင် ၁၃**

ပါကစ္စတန် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအာဏာပိုင်များသည် နိုင်ငံအတွင်း မုတ်သုံမိုးရွာသွန်းမှုကြောင့် လူခုနစ်ဦးထက်မနည်းသေဆုံးပြီးနောက် ရေလွှမ်းမိုးမှုနှင့်ပတ်သက်၍ သတိပေးချက်များထုတ်ပြန်လိုက်ကြောင်း သိရသည်။

မုတ်သုံမိုးသည် ဆက်လက်၍သည်းထန်စွာရွာသွန်းမည်ဖြစ်သောကြောင့် ဒေသခံများအနေဖြင့် သတိရှိရှိနေထိုင်ကြရန် တာဝန်ရှိသူများကကြေညာချက်ထုတ်ပြန်တိုက်တွန်းထားသည်။

ယခုထုတ်ပြန်ထားသည့် သေဆုံးသူများစာရင်းသည် ပြီးခဲ့သည့်တစ်ရက်အတွင်း မိုးရွာသွန်းမှုကြောင့် သေဆုံးသူများဖြစ်ကြောင်းသိရသည်။

ပါကစ္စတန်နိုင်ငံ၌ ဇွန် ၂၆ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးခြင်းကြောင့် လူပေါင်း ၅၃ ဦးသေဆုံးသည်။

ပါကစ္စတန်နိုင်ငံ၌ အများအားဖြင့် မုတ်သုံရာသီအတွင်း၌ ရေကြီးမှုဖြစ်ပွားတတ်ကြောင်းနှင့် ၎င်းရာသီသည် စက်တင်ဘာလတွင် ကုန်ဆုံးကြောင်းသိရသည်။

***Ref: Fox News***

---

# လေယာဉ်၏အင်ဂျင်လေခွင်းအားကြောင့် လေဆိပ်ခြံစည်းရိုးတွင် ရပ်ကြည့်နေသူအမျိုးသမီးတစ်ဦးသေဆုံး

**ဝယ်လင်တန် ဇူလိုင် ၁၃**

နယ်သာလန်နိုင်ငံ ဆင့်မာတန်ကျွန်း၌ လေယာဉ်တစ်စင်း၏ ဂျက်အင်ဂျင်လေခွင်းအားကြောင့် အမျိုးသမီးတစ်ဦးနောက်လန်ကျကာ သေဆုံးသွားကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်သည် ပင်လယ်နှင့်မိတာအနည်းငယ်သာကွာဝေးသည့် ပရင်ဆက်ဂျူလီယာနာနိုင်ငံတကာလေဆိပ်၌ ဖြစ်ပွားခြင်းဖြစ်သည်။ လေဆိပ်မှလေယာဉ်များထွက်ခွာစဉ်တွင် ကမ်းခြေ၌ရေဆော့ကစားနေသူများက လေဆိပ်ခြံစည်းရိုးအနီးကပ်၍ ကြည့်ရှုလေ့ရှိသည်။

အသက် ၅၇ နှစ်ရှိ အဆိုပါအမျိုးသမီးသည် လေယာဉ်မထွက်ခွာမီ ခြံစည်းရိုးကိုကိုင်ထားကြောင်း၊ လေယာဉ်ထွက်ခွာချိန်တွင် အင်ဂျင်လေခွင်းအားကြောင့် အမျိုးသမီးမှာ နောက်သို့လန်ကျကာ ခေါင်းနှင့်ကွန်ကရစ်ရိုက်မိပြီးနောက် ဒဏ်ရာပြင်းထန်စွာရရှိသည်။

ထို့နောက် ၎င်းအား ဆေးရုံသို့ပို့ဆောင်၍ဆေးဝါးကုသပေးခဲ့သော်လည်း နောက်ပိုင်းတွင် သေဆုံးသွားကြောင်း သိရသည်။

ဆင့်မာတန်ကျွန်းရှိ မာဟိုးကမ်းခြေသည် ပြည်ပခရီးသွားများ အများဆုံးလာရောက်အပန်းဖြေသည့် ကမ်းခြေဖြစ်ပြီး လေယာဉ်ပြေးလမ်းသည် မာဟိုးကမ်းခြေနှင့် ပေ ၁၆၀ သာကွာဝေးသည်။

ထိုကဲ့သို့လူသေဆုံးမှုဖြစ်စဉ်သည် ကမ်းခြေတွင်ရေဆော့ကစားနေသူများအနေဖြင့် လေယာဉ်ထွက်ခွာချိန်တွင် လေဆိပ်ခြံစည်းရိုးနားတွင် ရပ်မနေသင့်ကြောင်း သတိပေးပြသခြင်းပင်ဖြစ်သည်။

***Ref: BBC***

---

# ပါကစ္စတန်၌ သေနတ်သမားများ၏ တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်လေးဦးသေဆုံး

**ကွတ်တာ ဇူလိုင် ၁၃**

ပါကစ္စတန်နိုင်ငံအနောက်တောင်ပိုင်းဒေသ၌ သေနတ်သမားများက ထိပ်တန်းရဲအရာရှိလိုက်ပါလာသောယာဉ်တစ်စီးကို ချုံခိုတိုက်ခိုက်ရာ ရဲအရာရှိနှင့်ရဲတပ်သားသုံးဦး သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးကပြောသည်။

အဆိုပါတိုက်ခိုက်မှုသည် ဇူလိုင် ၁၃ ရက်တွင် ဘာလူချီစတန်ပြည်နယ်၏ မြို့တော် ကွတ်တာမြို့၌ ဖြစ်ပွားခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့မှပြောရေးဆိုခွင့်ရှိသူ ရှာဇာဒါဖာဟတ်က ပြောသည်။

ယင်းတိုက်ခိုက်မှုသည် ချာမန်းမြို့၌ သေနတ်သမားများက ခရိုင်ရဲမှူးကိုပစ်သတ်ပြီးနောက် ဖြစ်ပွားခြင်းဖြစ်သည်။

ပါကစ္စတန်နိုင်ငံ၌ လွန်ခဲ့သည့်နှစ်များစွာကတည်းက ဗုံးပေါက်ကွဲခြင်းနှင့် သေနတ်သမားများ၏တိုက်ခိုက်ခြင်းများ မကြာခဏဖြစ်ပွားကြောင်းနှင့် ယင်းတိုက်ခိုက်မှုများကို ပါကစ္စတန်တာလီဘန်များနှင့် အခြားသောအကြမ်းဖက်အဖွဲ့အစည်းများက လုပ်ဆောင်ကြောင်းသိရသည်။

ပါကစ္စတန်နိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားရခြင်းသည် အာဖဂန်နစ္စတန်နှင့် နယ်နိမိတ်ချင်းထိစပ်မှုရှိနေသည့်အပြင် တာလီဘန်နှင့် အယ်ကိုင်ဒါစစ်သွေးကြွများ၏ ပုန်းခိုရာနေရာဖြစ်နေသောကြောင့်ဖြစ်သည်။

***Ref: ABC News***

**အများသိရန်ကြေညာခြင်း**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ ခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် ၅၅-088၊ ကွင်းအမည် ကြေးတိုင်မြင် ဦးပိုင်အမှတ် ၁၁၉/၁ ဧရိယာ ၂၀ ဧက/ဦးပိုင်အမှတ် ၁၃/၂၊ ဧရိယာ-၃. ၂၉ ဧက/ဦးပိုင်အမှတ် ၂၅/၂-ဧရိယာ ၁. ၇၃ ဧက/ဦးပိုင်အမှတ် ၁၂/၁၊ ဧရိယာ-၁. ၅၃ တို့မှာ ကျွန်တော် အမည်ဖြင့် လုပ်ပိုင်ခွင့်ရနှင့် ပုံစံ(7)ထွက်ရှိပြီးဖြစ်၍ မည်သူနှင့်မျှ မသက်ဆိုင်ပါ။ ကျေနပ်မှုမရှိက(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

(ပုံ)ဦးအေးညွန့် ခန်းကြီးရွာ

**အများသိရန်ကြေညာခြင်း**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ ခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် ၅၅-OSS၊ ကွင်းအမည် ကြေးတိုင်မြင် ဦးပိုင် ၁၁၉/၀ ဧရိယာ ၀. ၂၀၊ ကွင်းအမှတ် ၄၉၀-E၊ ကွင်းအမည်စွန်တောင်ပေါ် ဦးပိုင်အမှတ် ၅၄/၅ ဧရိယာ ၀. ၀၄ တို့မှာ ကျွန်တော် ဦးအေးညွန့်အမည်ပေါက် လုပ်ပိုင်ခွင့်ရ (G) စည်းကြပ်ခံမြေဖြစ်၍ မည်သူနှင့်မျှ မသက်ဆိုင်ပါ၍ မကျေနပ်သူရှိပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

(ပုံ)ဦးအေးညွန့် ခန်းကြီးကျေးရွာ

**တရားဝင်ကြေညာခြင်း**

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့၊ ကျေးရွာအမည် မင်းဆယ် ကွင်းအမှတ် ဝ၄၇၊ ကွင်းအမည် ကလောင် ဦးပိုင်အမှတ် N 9 မြေလုပ်ကိုင်သူ ဦးထွန်းသိန်း ဧက ၅. ၂၀ လယ်မြေအမျိုးအစားမှာ ကျွန်တော် ဦးအောင်မြင့်၏ ဖခင်ဖြစ်သူ ဦးထွန်းသိန်း၏ လုပ်ပိုင်ခွင့်ရမြေဖြစ်ပါ၍ မည်သူနှင့်မျှ မသက်ဆိုင်ပါသောကြောင့် ကျေနပ်မှုမရှိပါက (၇)ရက်အတွင်း တရားဝင်ကန့်ကွက်ပါရန် ကြေညာအပ်ပါသည်။

(ပုံ)ဦးထွန်းသိန်း

# သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေရခြင်းမှာ ကြံ့ခိုင်မှုပြဿနာကြောင့်ဟု ရှမ်းယူနိုက်တက်အသင်းနည်းပြချုပ်ဖွင့်ဟ

ရန်ကုန် ဇူလိုင် ၁၃

လက်ရှိချန်ပီယံရှမ်းယူနိုက်တက် ယူ-၂၁ အသင်းသည် ၂၀၁၇ မြန်မာနေရှင်နယ်လိဂ်ယူ-၂၁ ပြိုင်ပွဲတွင် သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးရခြင်းမှာ အသင်းကစားသမားများ၏ ကြံ့ခိုင်မှုပြဿနာကြောင့်ဖြစ်ကြောင်း နည်းပြချုပ် ဦးအောင်ကျော်ထွန်းကပြောသည်။

ရှမ်းယူနိုက်တက်ယူ-၂၁ အသင်းသည် ယမန်နေ့က ၂၀၁၇ မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပွဲစဉ်တစ်ပွဲအဖြစ် အမှတ်ပေးဇယားထိပ်မှ ISPE (A) အသင်းနှင့် ယှဉ်ပြိုင်ကစားရာ ပွဲကစားချိန်ပထမပိုင်းတွင် မြတ်ထွန်းသစ်နှင့် ဇွဲသက်ပိုင်တို့၏ သွင်းဂိုးများဖြင့် ပွဲကို ဦးဆောင်ခွင့်ရရှိထားသော်လည်း ခြေပဂိုးများ ပြန်လည်ပေးခဲ့ရသောကြောင့် ပွဲအပြီးတွင် နှစ်ဂိုးစီသရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

ထို့ကြောင့် ရှမ်းယူနိုက်တက် ယူ-၂၁ အသင်းသည် သုံးပွဲဆက်နိုင်ပွဲ ပျောက်ဆုံးနေပြီး နှစ်ပွဲသရေ တစ်ပွဲရှုံးတွေ့ကြုံခဲ့ရခြင်းသည် ကြံ့ခိုင်မှုပြဿနာကြောင့်ဖြစ်ကြောင်း ဦးအောင်ကျော်ထွန်းကပြောသည်။

"ကျွန်တော်တို့အသင်းရဲ့ အဓိကပြဿနာက ကြံ့ခိုင်မှုပိုင်းဖြစ်နေတယ်။ ပွဲအတွင်း ကစားသမားတွေက ၇၀ ရာခိုင်နှုန်းလောက်ပဲ ကစားအားရှိတယ်။ ဒါကြောင့် စိတ်ဓာတ်ကို အကောင်းဆုံးမြှင့်တင်ထားပေမယ့် ကိုယ့်ဘက်က ဦးဆောင်ဂိုးသွင်းပြီး ကြံ့ခိုင်မှုပိုင်းမှာ အားနည်းနေလို့ ဂိုးတွေပြန်ပေးနေရတယ်။ ပြိုင်ပွဲကာလဆိုတော့ စိတ်ဓာတ်ပိုင်းကိုပဲ အဓိကမြှင့်တင်ပေးသွားမယ်။ လက်ကျန်ပွဲတွေမှာ အနိုင်ရဖို့ ပြင်ဆင်သွားမယ်" ဟု ဦးအောင်ကျော်ထွန်းကပြောသည်။



တီတီ




## လေ့ကျင့်ရေးနှင့် ခြေစမ်းပွဲများယှဉ်ပြိုင်ကစားရန် မြန်မာအမျိုးသမီးဘောလုံးအသင်း ဂျပန်သို့ထွက်ခွာ

ရန်ကုန် ဇူလိုင် ၁၃

ဆီးဂိမ်းအကြိုပြင်ဆင်မှုအနေဖြင့် လေ့ကျင့်ရေးခရီးစဉ်အဖြစ် မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းသည် ယမန်နေ့ည ၁၁ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဂျပန်နိုင်ငံသို့ထွက်ခွာသွားကြောင်း သိရသည်။

ဂျပန်နိုင်ငံသို့ လေ့ကျင့်ရေးခရီးစဉ်ထွက်ခွာသွားသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်၊ အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ တွဲဖက်အထွေထွေအတွင်းရေးမှူး၊ နည်းစနစ်ဒါရိုက်တာ ဦးတင်မြင့်အောင်နှင့် အမျိုးသမီးဘောလုံးကော်မတီဝင်များ လိုက်လံပို့ဆောင်ကြသည်။

(၂၉) ကြိမ်မြောက် မလေးရှားဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းသည် ဂျပန်နိုင်ငံ၌ ဇူလိုင် ၁၃ ရက်မှ ၂၅ ရက်အထိ နေထိုင်လေ့ကျင့်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းသည် အဆိုပါလေ့ကျင့်ရေးခရီးစဉ်တွင် ဂျပန်အမျိုးသမီးဘောလုံးကလပ်အသင်းလေးသင်းနှင့် ခြေစမ်းပွဲလေးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ခြေစမ်းပွဲစဉ်များအဖြစ် ဇူလိုင် ၁၆ ရက်တွင် အယ်လ်ဘီရက်ဇ်နီအီဂါတာအမျိုးသမီးဘောလုံးအသင်း၊ ဇူလိုင် ၁၉ ရက်တွင် ကိုကီတာအီလက်ရွေးစင်အမျိုးသမီးဘောလုံးအသင်း၊ ဇူလိုင် ၂၀ ရက်တွင် နီအီကတာကျန်းမာရေးနှင့် လူမှုရေးတက္ကသိုလ်အမျိုးသမီးအသင်း၊ ဇူလိုင် ၂၃ ရက်တွင် အယ်လ်ဘီရက်ဇ်နီအီဂါတာ အမျိုးသမီးယူ-၁၈ အသင်းတို့နှင့် ခြေစမ်းပွဲများယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

တီတီ

## ဆီးဂိမ်းပြိုင်ပွဲအတွက် လက်ရွေးစင်ဟောင်းများ ပြန်လည်ရွေးချယ်ရန် တိုက်ကွမ်ဒိုအဖွဲ့စီစဉ်

နေပြည်တော် ဇူလိုင် ၁၃

(၂၉) ကြိမ်မြောက် မလေးရှားဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်လျက်ရှိသော မြန်မာတိုက်ကွမ်ဒိုအဖွဲ့သည် လက်ရွေးစင်များရွေးချယ်ရာတွင် လက်ရွေးစင်ကစားသမားဟောင်းများကိုသာ ပြန်လည်ရွေးချယ်ရန် စီစဉ်နေကြောင်း သိရသည်။

လက်ရှိတွင် မြန်မာတိုက်ကွမ်ဒိုအားကစားအဖွဲ့ကို နေပြည်တော်၌ စခန်းသွင်းလေ့ကျင့်လျက်ရှိပြီး ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေး အတွေ့အကြုံရှိသည့် ကစားသမားဟောင်းများကို ပြန်လည်ရွေးချယ်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မြန်မာတိုက်ကွမ်ဒိုအဖွဲ့အနေဖြင့် (၂၈) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုမရရှိခဲ့သောကြောင့် ယခုတစ်ကြိမ်ဆီးဂိမ်းပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိရန်ရည်မှန်းထားပြီး ယင်းကဲ့သို့ ကစားသမားဟောင်းများကိုသာ ပြန်လည်ရွေးချယ်ကာ ယှဉ်ပြိုင်စေမည့်အပြင် ကစားသမားသစ်များကိုလည်း အတွေ့အကြုံကောင်းများရရှိရန် လက်ရွေးစင်ကစားသမားဟောင်းများနှင့် ပူးတွဲလေ့ကျင့်စေမည်ဖြစ်ကြောင်း သိရသည်။

MK

## အာရှယူ-၂၃ ခြေစစ်ပွဲအတွက် ကြိုတင်လက်မှတ်များ ရောင်းချမည်

ရန်ကုန် ဇူလိုင် ၁၃

မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အာရှယူ-၂၃ ခြေစစ်ပွဲအတွက် ကြိုတင်လက်မှတ်များကို ဇူလိုင် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် စတင်ရောင်းချပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ခြေစစ်ပွဲစဉ်အတွက် လက်မှတ်များကို နေရာသုံးခုခွဲ၍ ကြိုတင်ရောင်းချပေးမည်ဖြစ်ပြီး ရန်ကုန်မြို့ရှိ လှည်းတန်းစင်တာ၊ အောင်ဆန်းအားကစားကွင်းနှင့် သုဝဏ္ဏအားကစားကွင်းတို့၌ နံနက် ၉ နာရီတွင် စတင်ဝယ်ယူနိုင်မည်ဖြစ်သည်။

လက်မှတ်ဈေးနှုန်းများကို ရိုးရိုးတန်း ငွေကျပ် ၁၀၀၀၊ ၂၀၀၀ နှင့် အထူးတန်း ငွေကျပ် ၃၀၀၀ သတ်မှတ်ထားပြီး လက်မှတ်တစ်စောင်ဝယ်ယူရုံဖြင့် ပွဲစဉ်နှစ်ပွဲကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာယူ-၂၃ အသင်းသည် အာရှယူ-၂၃ ခြေစစ်ပွဲစဉ်၏ အုပ်စု(စ)တွင်ပါဝင်ပြီး ဩစတြေးလျ၊ စင်ကာပူ၊ ဘရူနိုင်းအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်လျက်ရှိသည်။

အာရှယူ-၂၃ ခြေစစ်ပွဲစဉ်တွင် မြန်မာအသင်းပါဝင်သော အုပ်စု(စ)ပွဲစဉ်များကို ဇူလိုင် ၁၉ ရက်မှ ၂၃ ရက်အထိ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

တီတီ

## ၂၀၁၇ တိုင်းဒေသကြီးနှင့်ပြည်နယ် ဖိတ်ခေါ်စစ်တုရင်ချန်ပီယံရှစ်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၃

မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၇ တိုင်းဒေသကြီးနှင့်ပြည်နယ် ဖိတ်ခေါ်စစ်တုရင်ချန်ပီယံရှစ်ပြိုင်ပွဲကို ယမန်နေ့မှစတင်၍ ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်းရှိ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်၌ ကျင်းပလျက်ရှိကြောင်း သိရသည်။

ယင်းပြိုင်ပွဲသည် ဖိတ်ခေါ်ပြိုင်ပွဲဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ပေါင်းစုံမှ ကစားသမားများပါဝင်ယှဉ်ပြိုင်ခဲ့ကာ ရန်ကုန်တိုင်းဒေသကြီးမှ ကစားသမားလေးဦးဖြင့် အများဆုံးယှဉ်ပြိုင်ခဲ့ကြသည်။ ထို့ပြင် အမျိုးသားအများစုဝင်ရောက်ယှဉ်ပြိုင်သည့်အနက် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြုအဖြစ် အမျိုးသမီးတစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်ကစားသမားများမှာ ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု မျိုးကျော်လှိုင်၊ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု စိုင်းသူ၊ ဇော်ဦး၊ ဝေဖြိုး၊ မေစုလွင်၊ မွန်ပြည်နယ်ကိုယ်စားပြု မြင့်ဆွေ၊ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု ကျော်လေးထိုက်၊ မင်းခိုင်ဦး၊ ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု ရဲလင်းထိုက်၊ ကချင်ပြည်နယ်ကိုယ်စားပြု မျိုးဆွေ၊ ရှမ်းပြည်နယ်ကိုယ်စားပြု ဝင်းသန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု မြင့်သီဟကျော်တို့ဖြစ်ကြသည်။




ပြိုင်ပွဲကို ဇူလိုင် ၁၂ ရက်မှ ၁၇ ရက်အထိ ၁၂ ဦး ပတ်လည်စနစ်ဖြင့် ကျင်းပလျက်ရှိပြီး ပထမဆုငွေကျပ် သုံးသိန်း၊ ဒုတိယဆုငွေကျပ် နှစ်သိန်း၊ တတိယဆုငွေကျပ် တစ်သိန်း၊ စတုတ္ထဆုငွေကျပ် ငါးသောင်း၊ ပဉ္စမဆုငွေကျပ် လေးသောင်း၊ ဆဋ္ဌမဆုငွေကျပ် သုံးသောင်းနှင့် ရမှတ်တူနေလျှင် အချိုးကျခွဲဝေပေးမည်ဖြစ်သည်။

ထို့ပြင် ထပ်ဆောင်းဆုကြေးငွေများအဖြစ် ၁၁ ပွဲကစား ရှုံးပွဲမရှိ ပထမရရှိပါက တောင်ကြီးမြို့မှ ဦးကိုကိုလေးက ဆုကြေးငွေကျပ် သုံးသိန်း၊ ၁၁ ပွဲကစား ၁၁ မှတ်ရာနှုန်းပြည့်စွမ်းဆောင်နိုင်လျှင် ကမ္ဘာ့အပျော်တမ်းစစ်တုရင်ချန်ပီယံ ဝင်းထွန်းက ဆုကြေးငွေကျပ် သုံးသိန်းနှင့် ၁၁ ပွဲကစား ရှုံးပွဲမရှိ ၁၀ မှတ်ရရှိသူအား Hmone 1 ECC Co.,Ltd. က ငွေကျပ် သုံးသိန်းထပ်မံချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ တီတီ

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗီဇာခါပတ်တနမ်မြို့ရှိ ရေတပ်လေ့ကျင့်ရေးသင်တန်းကျောင်းသို့သွားရောက်လေ့လာ

နေပြည်တော် ဇူလိုင် ၁၃

အိန္ဒိယနိုင်ငံတွင် ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဗီဇာခါပတ်တနမ်မြို့ရှိ ရေတပ်လေ့ကျင့်ရေးသင်တန်းကျောင်းသို့ သွားရောက်လေ့လာကြရာ ကျောင်းအုပ်ကြီး Commanding Officer Captain Mukyl Surange နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က သင်တန်းကျောင်း၌တက်ရောက်နေကြသည့် မြန်မာ့တပ်မတော်(ရေ)မှ အရာရှိ စစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားရာတွင် မြန်မာ့တပ်မတော်အနေဖြင့် တပ်မတော်(ရေ)၏ စွမ်းအားမြှင့်တင်ရန် ခေတ်မီတပ်မတော် ရေတပ်တည်ဆောက်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်များကို ပြည်တွင်း၊ ပြည်ပသင်တန်းများစွာ စေလွှတ်တက်ရောက်လေ့ကျင့်ပေးနေကြောင်း၊ ယင်းသင်တန်းများသည် အချိန်၊ လုပ်အား၊ ငွေကြေးများ ရင်းနှီးမြှုပ်နှံဆောင်ရွက်ရခြင်းဖြစ်၍ အကျိုးရှိအောင်လေ့ကျင့်လုပ်ဆောင်ရန်လိုကြောင်း၊ သက်ဆိုင်ရာနည်းပြများ၏ သင်ကြားပို့ချချက်များကို အလေးထား၍ ကြိုးစားအားထုတ်လေ့လာကြရမည်ဖြစ်ကြောင်း၊ သင်တန်း၏စည်းမျဉ်းစည်းကမ်းများနှင့် နယ်မြေဒေသ၏ယဉ်ကျေးမှုဓလေ့ထုံးစံများကို လေးစားလိုက်နာကြရမည်ဖြစ်ကြောင်း၊ ရာသီဥတုအပေါ် မူတည်၍ သင့်တင့်မျှတသည့် စားသောက်နေထိုင်မှု သွားလာလှုပ်ရှားမှုများဖြစ်စေရေး သင်တန်းသားတစ်ဦးတစ်ယောက်ချင်း ဝတ်စားဆင်ယင်မှုမှစ၍ ပြုမူပြောဆိုမှုများသည် မိမိတပ်ဖွဲ့အတွက်၊ မိမိတပ်မတော်အတွက်၊ မိမိနိုင်ငံအတွက် ဂုဏ်သိက္ခာကိုစောင့်ထိန်း၍ ပြုမူလုပ်ဆောင်ရေးတို့အား

စာမျက်နှာ ၁၆ ကော်လံ ၁ ★



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗီဇာခါပတ်တနမ်မြို့ရှိ ရေတပ်လေ့ကျင့်ရေးသင်တန်းကျောင်း၌ တက်ရောက်နေကြသည့် မြန်မာ့တပ်မတော်(ရေ)မှ အရာရှိ စစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေ့စဉ်နာရီဝက်ခန့်ပုံမှန်လမ်းလျှောက်ပါက ရောဂါဘယများကင်းစင်၍ သက်ရှည်ကျန်းမာစေမည်။**



## မုံရွာမြို့၌ မြစ်ရေသတိပေးချက် အနီရောင်သတ်မှတ်ကာ ရေကာင်းများဖြင့်စောင့်ကြည့်လျက်ရှိ

မုံရွာ ဇူလိုင် ၁၃

ချင်းတွင်းမြစ်ရေသည် မုံရွာမြို့၏ စိုးရိမ်ရေမှတ် ၁၀၀၀ စင်တီမီတာအထက်သို့ကျော်လွန်ရောက်ရှိလျက်ရှိရာ မြစ်ရေသတိပေးချက် အနီရောင်အဖြစ်သတ်မှတ်ကာ ချင်းတွင်းမြစ်ကမ်းတစ်လျှောက်တွင် ရေကာင်းများဖြင့် စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

ချင်းတွင်းမြစ်ရေသည် နှစ်စဉ်မိုးရာသီတွင် အထက်ပိုင်းဒေသများ၌ မိုးသည်းထန်စွာရွာသွန်းသဖြင့် မြစ်ရေကြီးမြင့်မှုများဖြစ်ပေါ်လျက်ရှိရာ ၂၀၁၆ ခုနှစ် မိုးရာသီတွင် ချင်းတွင်းမြစ်ရေသည် မုံရွာမြို့၌အမြင့်ဆုံးရေမှတ်အဖြစ် ၁၀၆၄ စင်တီမီတာအထိ မြင့်တက်ခဲ့ကြောင်းသိရသည်။

"နှစ်စဉ်မိုးရာသီမှာ မြစ်ရေကြီးမြင့်မှုရှိတယ်။ ဒီနှစ်မှာတော့ မုံရွာမြို့နယ်အတွင်းမှာ မြစ်ရေတား တာပေါင်တွေကို အဆင့်မြှင့်တင်မှုတွေလုပ်ဆောင်ထားတယ်။ မုံရွာမြို့မှာ စိုးရိမ်ရေမှတ် ၁၀၀၀ စင်တီမီတာအထက်ကို ကျော်လွန်ခဲ့တာ အခုဆို ခြောက်ရက်ရှိသွားပြီ။ ကျေးရွာတွေနဲ့ မြို့ပေါ် ရပ်ကွက်ကပြည်သူတွေ စိုးရိမ်မှုမဖြစ်စေရေးအတွက် အခုလည်းမြစ်ရေသတိပေးချက်ကို အနီရောင်အဆင့်သတ်မှတ်ပြီး ရေကာင်းတွေနဲ့ စောင့်ကြပ်ကြည့်ရှုနေပါတယ်။

စာမျက်နှာ ၁၁ ကော်လံ ၄ ●

## မြန်မာ ယူ-၂၂ အသင်း ဆီးဂိမ်းအိမ်ရှင် မလေးရှားအသင်းကို ခြေစမ်းပွဲတွင်ရှုံးနိမ့်

ရန်ကုန် ဇူလိုင် ၁၃

ဆီးဂိမ်းပြိုင်ပွဲနှင့် အာရှ ယူ-၂၃ ခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်နေသည့် မြန်မာ ယူ-၂၂ အသင်းနှင့် မလေးရှား ယူ-၂၂ အသင်းသည် ယနေ့ညပိုင်းတွင် မလေးရှားနိုင်ငံရှိ ရှာအလမ်ကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ မြန်မာအသင်းသည် ၂ ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာအသင်းသည် အမာခံကစားသမားများနှင့် အရန်ကစားသမားများကို တွဲဖက်အသုံးပြုခဲ့ပြီး တိုက်စစ်တွင် အဓိကကစားသမား အောင်သူကို ပွဲအစတွင်မသုံးဘဲ ရှွေကိုနှင့် အောင်ကောင်းမာန်အတွဲကို အသုံးပြုခဲ့သည်။ မြန်မာအသင်း၏ ပွဲထွက်လူစာရင်းတွင် ဘုန်းသစ္စာမင်း(ဂိုး)၊ နန်းဝေမင်း၊ သောင်လျှပ်ထန်၊ သီဟထက်အောင်၊ နန္ဒကျော်၊ ရဲရင့်ထွန်း၊ စည်သူအောင်၊ ရန်နိုင်ဦး၊ ရန်ပိုင်စိုး၊ ရှွေကို၊ အောင်ကောင်းမာန်တို့ဖြင့် ပွဲထွက်ခဲ့သည်။

အိမ်ရှင်မလေးရှားအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သလို မြန်မာအသင်းမှာလည်း ခံစစ်အားပြုကစားဘဲ အပြန်အလှန်တိုက်စစ်ဆင်ခဲ့သည်။ ၁၂ မိနစ်တွင် ရှွေကို အပိုင်အခွင့်အရေးအသုံးမချနိုင်ခဲ့သလို

စာမျက်နှာ ၁၆ ကော်လံ ၄ ■

## ဆီးဂိမ်းပြိုင်ပွဲအတွက် လက်ရွေးစင်ဟောင်းများ ပြန်လည်ရွေးချယ်ရန် တိုက်ကွမ်ဒိုအဖွဲ့စီစဉ်

စာ - ၃၀ သို့

## မောင်တောမြို့နယ်၌ ဓားကိုယ်စီကိုင်ဆောင်ထားသည့် မသင်္ကာသူ နှစ်ဦး ဖမ်းဆီးရမိ

စာ - ၂၅ သို့

## ၂၀၁၇ တိုင်းဒေသကြီးနှင့် ပြည်နယ် ဖိတ်ခေါ်စစ်တုရင် ချန်ပီယံရှစ်ပြိုင်ပွဲကျင်းပ

စာ - ၃၀ သို့